ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့၊ (19-3-2004) (၄၁၈၀)

သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ။

ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

စစ်ရေးပြစစ်ကြောင်းကြီးများအား အဆိုအကရုပ်ရှင်များဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မတ် ၁၈

(၅၉)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ တည်းခိုရာ စခန်းအသီးသီး၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီ စင်တင်တေးဂီတအဖွဲ့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲနှင့် နယ်မြေခံ တပ်ရင်းများကအဆို၊အက၊ ဟာသနှင့် ရုပ်ရှင်များဖြင့် ယမန်နေ့ည ၇နာရီတွင် ဖျော်ဖြေကြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❍

တက်ရောက်အားပေး

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကျင်းပသည့် ဂီတနန္ဒဝန် ဂီတပွဲတော်ကြီး ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်အားပေးချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံအောင် ကာကွယ်စောင့်ရှောက်

ဒို့တပ်မတော်ရဲ့ အဓိကတာဝန်ကြီးသုံးရပ်ဟာ စစ်တိုက်ရန်၊ စစ်တိုက်ရန်မရှိက လေ့ကျင့်ရန်၊ စစ်တိုက်ရန်နှင့် လေ့ကျင့်ရန်မရှိက ပြည်သူ့အကျိုးပြု လုပ်ငန်းလုပ်ရန်တို့ ဖြစ်တယ်။

ပထမတာဝန်ဖြစ်တဲ့စစ်တိုက်ရန် ဆိုတာကတော့ တပ်မတော်ဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါကြောင့်နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထု ပိုင်နက်နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရမယ်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမယ်၊ နိုင်ငံတော်ရဲ့ အမျိုးသား အကျိုးစီးပွားမှန်သမျှကို ကာကွယ် စောင့်ရှောက်ရမယ်၊ နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုလုံခြုံအောင် ကာကွယ်စောင့်ရှောက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း
အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကျင်းပသည့် ဂီတနန္ဒဝန်ဂီတပွဲတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၁၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကျင်းပသည့် ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ကြသည်။

အဆိုပါ ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂီတပညာရှင်များ၊ ဂီတဝါသနာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကျင်းပသည့် ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ ပံ့ပိုးမှုဖြင့် ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့က ဦးစီးကျင်းပခြင်းဖြစ်သည်။

အဆိုပါ ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးတွင် နိုင်ငံကျော်စန္ဒရားပညာရှင်များ၊ စန္ဒရားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ မျိုးဆက်သစ် စန္ဒရားပညာရှင်များက စန္ဒရားအနုပညာကျွမ်းကျင်မှုကို လက်စွမ်းပြသကြသည်။ ဤဂီတပွဲတော်ကြီးတွင် ခေတ်ပေါ်တူရိယာများ၊ **စာမျက်နှာ ၄ ကော်လံ ၆ သို့** ☆

နိုင်ငံတော် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၉–၃–၂၀၀၄
(သောကြာနေ့)

မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး စုပေါင်းတာဝန်ယူ အကောင်အထည်ဖော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်စွာ ပါဝင်ကြိုးပမ်းမှုတို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအားလုံး၏ လူနေမှုအဆင့် မြင့်မားစေရေးအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ကို ချမှတ်၍ စီမံဆောင်ရွက်လျက်ရှိသည်။ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်း ပေးလျက်ရှိသည်။

ယင်းကဲ့သို့သောအချိန်အခါတွင် အခြေခံကျသည့် မြို့နယ် တာဝန်ခံများ၊ ဌာနဆိုင်ရာများအနေဖြင့် တီထွင်ကြံဆမှုအား၊ ဝီရိယအား၊ စေတနာအားတို့ပေါင်းစပ်ပြီး အရှိန်အဟုန်မြင့် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် မတ်လ ၁၄ ရက်နေ့က ပဲခူးတိုင်း ရွှေကျင်မြို့နှင့် ညောင်လေးပင်မြို့တို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပံ့ပိုးဆောင်ရွက်ပေးရန်ရှိသည်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးစဉ်အတွင်း ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာတွင် **မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို စည်းစည်းလုံးလုံးဖြင့် တစုတစည်းတည်း ဖော်ဆောင်နိုင်ရေးကို ရည်မှန်းလျက် ကဏ္ဍစုံတွင် ကော်မတီများဖွဲ့စည်းပေးထားပြီးဖြစ်သည့်အလျောက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် သွက်လက်ထိရောက်စွာ အကောင်အထည်ဖော်သွားကြရန်** မှာကြားခဲ့သည်။

ညောင်လေးပင်မြို့နယ်သည် ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အချက်အချာကျသည့်နေရာတွင် တည်ရှိသည်ဖြစ်ရာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်နိုင်သည့်အခြေခံကောင်း၊ အခွင့်အလမ်းကောင်းများ ရရှိနေပြီဖြစ်သည်။

ညောင်လေးပင်အပါအဝင် ပြွန်တန်ဆာလွင်ပြင်တစ်ခွင်လုံးတွင် ပဲခူးရိုးမမှစီးဆင်းလာသည့်ရေများကို ဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးထားသဖြင့် စိုက်ပျိုးနိုင်သည့် လယ်ယာမြေများ ယခင်ကထက် တိုးပွားလာလျက်ရှိသည်။ နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ဒေသဝမ်းစာ ဖူလုံလျက်ရှိသည်။

ပဲခူးတိုင်း ရွှေကျင်မြို့နယ်သည် ယခင်ကာလက နယ်မြေ အေးချမ်းလုံခြုံမှုမရှိခဲ့၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် နောက်ကျခဲ့ရသည်။ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းလာသည်နှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ လူနေမှုအဆင့် မြင့်မားစေရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရွှေကျင်–မဒေါက် မော်တော်ကားလမ်းနှင့် ယင်းလမ်းပေါ်ရှိ ရွှေကျင်–မဒေါက် တံတားကြီးတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ ပြည်သူများ ကူးသန်းဆက်သွယ်သွားလာရေး လွယ်ကူလျက် ရှိသည်။ ထို့အပြင် မြို့နယ်အတွင်း ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေကျင် ခုတင် ၁၀၀ ဆံ့ဆေးရုံ တည်ဆောက်ရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည့်နည်းတူ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆို ဂုဏ်ပြုကဗျာ

ပြည်သူ့သားကောင်း တပ်မတော်

–၁–

* တပ်မတော်သည်၊ ပြည်သူအတွက်၊
ယုံကြည်ချက်ကို၊ သက်နှင့်ထပ်တူ၊
ခံယူသည်လော၊ ခံယူလော၊
ခံယူ၊ ခံယူ။

–၂–

* တပ်မတော်သား၊ ပြည့်အင်အား၊
မွေးဖွားရှင်သန်၊ ဇာတိမာန်၊
ထက်သန်သည်လော၊ ထက်သန်လော၊
ထက်သန်၊ ထက်သန်။

–၃–

* ပြည်သူအတွက်၊ အသက်နှင်း၊
တိုင်းရင်းသားရေး၊
လုပ်ကျွေးသည်လော၊ လုပ်ကျွေးလော၊
လုပ်ကျွေး၊ လုပ်ကျွေး။

–၄–

* ပြည်သူ့ဝိညာဉ်၊ သံယောဇဉ်၊
တွယ်ငင်မပြတ်၊
တပ်မတော်သွေး၊ နီစွေးရဲ၊
ခိုင်မြဲသည်လော၊ ခိုင်မြဲလော၊
ခိုင်မြဲ၊ ခိုင်မြဲ။

–၅–

* နိုင်ငံအတွင်း၊ ကျူးကျော်ခြင်း၊
ဖြိုခွင်းသည်လော၊ ဖြိုခွင်းလော၊
ဖြိုခွင်း၊ ဖြိုခွင်း။

–၆–

* ခေတ်အဆက်ဆက်၊ ဦးထိပ်ရွက်၊
အဖျက်အန္တရာယ်၊
ဖယ်ရှားသည်လော၊ ဖယ်ရှားလော၊
ဖယ်ရှား၊ ဖယ်ရှား။

–၇–

* ပြည်သူ့သားကောင်း၊ သမိုင်းကြောင်း၊
မဟောင်းအတိတ်၊ ပုံရိပ်ဖော်ညွှန်း၊
မော်ကွန်းဖြစ်လော၊ ဖြစ်သလော၊
မော်ကွန်း၊ မော်ကွန်း။

–၈–

* ပြည်သူအတွက်၊ ခန်းဆက်တာဝန်၊
ကျေပွန်သည်လော၊ ကျေပွန်လော၊
ကျေပွန်၊ ကျေပွန်။

–၉–

* တပ်မတော်သား၊ ပြည့်အင်အား၊
မွေးဖွားဇာတိ၊ အမှန်ရှိ၊
ပြည်သူ၏သား၊
ဖြစ်ခဲ့သည်လော၊ ဖြစ်သည်လော၊
ဖြစ်သည်၊ ဖြစ်သည်။ ။

ကေတုနီလာ

မြန်မာ့ကျောက်မျက်ပြပွဲ ဆက်လက်ကျင်းပ

သုံးရက်အတွင်း ကျောက်စိမ်းအတွဲ ၄၇၀ ယူရိုငွေ ၉ဒသမ ၁ သန်းကျော်ဖိုး ရောင်းချရ

ရန်ကုန် မတ် ၁၈

(၄၁)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၅နာရီမှ ည ၁၀နာရီခွဲအထိ ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၁တွဲကို တန်ဖိုးယူရိုငွေ ၃၄၇၅၇၉၁ဖြင့် ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းမှာပင် ကျောက်စိမ်းအတွဲပေါင်း ၇၁တွဲကို တန်ဖိုးယူရိုငွေ ၄၈၂၇၇၇၇ဖြင့် ရောင်းချရသည်။

ဆက်လက်ရောင်းချ

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ တတိယနေ့အဖြစ် ယနေ့နံနက် ၉နာရီတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့်ဆက်လက်ရောင်းချရာ ညနေ ၅နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၂၁တွဲကို တန်ဖိုးယူရိုငွေ၁၀၈၆၁၁၂ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင် ဈေးပြိုင်ပေး၍ ဝယ်ယူကြသည်။ ကျောက်စိမ်းအတွဲများကို မတ် ၁၆ရက်မှ ၁၈ရက် ညနေ ၅နာရီအထိ သုံးရက်အတွင်း ကျောက်စိမ်းအတွဲ ၄၇၀ ကို တန်ဖိုး ယူရိုငွေ ၉၁၇၁၅၃၀ဖြင့် ရောင်းချခဲ့ရသည်။ ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက်ရောင်းချလျက်ရှိသည်။

မတ် ၁၉ရက်နှင့် ၂၀ရက်များတွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ရတနာပြပွဲသို့ (၂၅)ကြိမ်ဆက်တိုက်တက်ရောက်ခဲ့သော ပြည်ပနိုင်ငံ M/S Mei Mei Jade Ware Co., မှ Mr. Hui Cheong Shin အား အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ ရတနာပြပွဲသို့ အနှစ် (၂၀) ဆက်တိုက်တက်ရောက်ခဲ့သည့် ပြည်ပမှ ရတနာကုန်သည် ငါးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ရတနာပြပွဲသို့ ၁၅နှစ်ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပမှ ရတနာကုန်သည် ငါးဦးနှင့် ရတနာပြပွဲသို့ ၁၀နှစ်ဆက်တိုက် တက်ရောက်ခဲ့သည့် ပြည်ပမှ ရတနာကုန်သည် ခြောက်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ရတနာပြပွဲသို့ (၂၅)နှစ်ဆက်တိုက် တက်ရောက်ခဲ့သော ရတနာကုန်သည်တစ်ဦးအား ကျောက်ပန်းချီကားနှင့် ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အေးမြချမ်းသာ မဟာစည်အထူးတရားစခန်း

ရန်ကုန် မတ် ၁၈

ဓမ္မကထိက ဗဟုဇနဟိတဓရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သီရိဓမ္မ(ဘီအေ–ပါဠိဂုဏ်ထူး) ပြည့်စုံအေးဆရာတော် ဘဒ္ဒန္တ သုဇာတ (ဓမ္မာစရိယ)နှင့် ကိုးဘွဲ့ရအရှင်အာစရာလင်္ကာရ တို့သည် အေးမြချမ်းသာမဟာစည်ရိပ်သာနှင့် ကျိုက္ကစ် ဓမ္မဗိမာန် အထူးတရားစခန်းတို့တွင် ဟောကြားပြသမည်ဖြစ်၍ အလှူရှင်များ၊ ဒုလ္လဘရဟန်း၊သီလရှင်၊ယောဂီများသည် ဖုန်း–၅၈၁၀၄၂၊ ၅၆၅၄၅၂ တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ့တပ်မတော် ဘောလုံးနှင့် ဘော်လီဘောအားကစားအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

ကြိုဆိုနှုတ်ဆက်

တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ကစားခဲ့ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာ့တပ်မတော်ဘောလုံးနှင့် ဘော်လီဘော အားကစားအဖွဲ့ဝင်များအား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၈

တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အိန္ဒိယနိုင်ငံသို့ချစ်ကြည်ရေးပြိုင်ပွဲများ သွားရောက် ယှဉ်ပြိုင်ကစားခဲ့ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည့် ကာကွယ်ရေး ဝန်ကြီးဌာနစစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီးအောင်စံတင် ခေါင်းဆောင်သော မြန်မာ့ တပ်မတော်ဘောလုံးနှင့် ဘော်လီဘော အားကစားအဖွဲ့ဝင်များအား ယနေ့ည ၇နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ထိုသို့ ကြိုဆိုနှုတ်ဆက်ရာတွင် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ဒုတိယတပ်မတော်လေ့ကျင့် ရေးအရာရှိချုပ်များဖြစ်ကြသည့်ဗိုလ်ချုပ် အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်မှူးကြီးသန်းအောင်၊ ပြန်လည်နေရာချထားရေး ညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် အောင်သိန်း၊ တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော်အရာရှိ ကြီးများ၊ တပ်မတော်ဘောလုံးနှင့် ဘော်လီဘော ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Jasvinder Singh Chopra တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု (၇၇)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာငွေ ရှာဖွေရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်–သုံးဆယ်) (လူမှုထူးချွန် တတိယဆင့်/ပထမဆင့်) သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် မတ်၄ရက်က (၇၇)ကြိမ်မြောက် သွေးလှူဒါန်းသည်။ **(အပေါ်ပုံ)** (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၃–၂၀၀၄ (သောကြာနေ့)

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ညီ
၈:၂၀ ၈။ လဂွမ်းပြင်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး **–စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄၆ သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်**
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရ တေးများ(၂၀၀၃ခုနှစ်)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ –တတိယနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
၆:၀၀ ၉။ တေးဂီတအစီအစဉ်
၆:၁၅ ၁၀။ Discovery.
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း–၈)**
၇:၂၅ ၁၄။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇:၄၅ ၁၅။ **စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်** "ပြည်သူ့အတွက် တပ်မတော်" "ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာ တို့ဝန်တာ" (ပညာရေးဝန်ကြီးဌာန) –ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်တက် –သစ္စာလေးချက်သံမှိုနှက်သို့ (ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင်ခင်မောင်ညွှန့်)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **ရုပ်မြင်သံကြားဇာတ်လမ်း "ဘေးရန်ဆီးကာ" (နေအောင်၊ နေဆန်း၊ စုလှိုင်နှင်း၊ မြသဥ္ဇာလီ) (ဒါရိုက်တာ–သက်တင်)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

မိုးမိတ်မြို့နယ်၌ ဘိန်းခင်း ၅ဒသမ ၅ဧက ရှာဖွေဖျက်ဆီး

ရန်ကုန် မတ် ၁၈

၂၀၀၃–၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ရက်နှင့် ၂၂ရက်များတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်ကျောက်လုံးကြီးကျေးရွာ အုပ်စုအတွင်း၌ တရားမဝင် စိုက်ပျိုးထားသည့် ဘိန်းခင်း ၅ ဒသမ ၅ဧကကို ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့ကြောင်းနှင့် ယခုနှစ်ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းစိုက်ပျိုးထားသည့် ဒေသများအတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း စုစုပေါင်း ၇၁၈၁ဒသမ ၇၃ဧက ရှာဖွေဖျက်ဆီး ခဲ့ပြီးဖြစ်သည်။(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၁ရက်နှင့် ၂၂ ရက်များတွင် မိုးမိတ်မြို့နယ်၌ တရားမဝင် စိုက်ပျိုးထားသောဘိန်းခင်း ၅ ဒသမ ၅ ဧကအား ပူးပေါင်းအဖွဲ့မှ ရှာဖွေတွေ့ရှိ ဖျက်ဆီးစဉ်။ (သတင်းစဉ်)

မြန်မာစာဘွဲ့ရ မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၁၈

ရန်ကုန်တက္ကသိုလ်၁၉၆၉–၇၃ ခုနှစ် မြန်မာစာအဓိကဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဧပြီ ၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ် ၂၂၁/၂၂၃ ရွှေဂုံတိုင်လမ်း(တော်ဝင်နှင်းဆီ)တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

အခမ်းအနားတွင် မြန်မာစာဌာနမှ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ၁၉၆၉–၇၃ ခုနှစ် မြန်မာစာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများက ကန်တော့ကြမည်ဖြစ်ရာ အလှူငွေများကို ဦးခင်စိုး ဖုန်း–၂၅၂၅၄၅၊ ဦးစိုးညွှန့် ဖုန်း–၅၄၂၇၂၀၊ ဦးကြည်ထွဏ်း ဖုန်း–၅၁၄၃၆၁၊ ဦးမြတ်လှစိန် ဖုန်း–၅၃၅၂၇၈၊ ဦးကျော်ဇေယျ ဖုန်း–၀၉–၅၀–၁၇၈၄၉၊ ရီရီတာ ဖုန်း–၅၇၁၅၈၄၊ နွယ်နွယ်လင်း ဖုန်း–၆၆၀၀၅၀၊ခင်ရွှေဦး ဖုန်း–၅၆၆၁၃၁၊ နီနီဝင်း ဖုန်း–၅၂၆၉၉၅ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

တပ်မတော်၏ အခဋ္ဌအလာ(၁၂)ရပ်

၁။ မျိုးချစ်တပ်မတော်ဖြစ်သည်။
၂။ စည်းကမ်းကောင်းသောတပ်မတော်ဖြစ်သည်။
၃။ သစ္စာရှိသောတပ်မတော်ဖြစ်သည်။
၄။ စည်းလုံးညီညွတ်သောတပ်မတော်ဖြစ်သည်။
၅။ စွမ်းရည်ရှိသောတပ်မတော်ဖြစ်သည်။
၆။ စွန့်လွှတ်စွန့်စားသောတပ်မတော်ဖြစ်သည်။
၇။ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားသော တပ်မတော်ဖြစ်သည်။
၈။ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်ဖြစ်သည်။
၉။ အခက်အခဲကိုရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်ဖြစ်သည်။
၁၀။ အပင်ပန်းအဆင်းရဲခံနိုင်သည့် တပ်မတော်ဖြစ်သည်။
၁၁။ ဓွဲလုံ့လဝီရိယရှိသည့် တပ်မတော်ဖြစ်သည်။
၁၂။ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သော တပ်မတော်ဖြစ်သည်။

(၅၉) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၈

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)မိသားစုများက မဟာဝိဇယစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်နှင့် စွယ်တော်မြတ်စေတီတော်အတွက် အလှူတော်ငွေများအပါအဝင် ဆေးရုံကြီးများနှင့် လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် မဟာဝိဇယစေတီတော်မြတ်ကြီးရှိ ဓမ္မရက္ခိတဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့် စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံကြီးများနှင့် ပြည်သူ့ဆေးရုံများမှ တာဝန်ရှိသူများ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ (ငြိမ်း)နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(ငြိမ်း)က မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) မိသားစုများက အလှူတော်ငွေပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ မဟာဝိဇယစေတီတော်ဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) ယာဉ်ပိုင်ရှင်များက လှူဒါန်းငွေ ကျပ်သိန်း၄၀၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)က လှူဒါန်းငွေ ၁၀၀၁၆၂၂ ကျပ်၊ ဒေါ်သန်းစိန် အားရည်စူး၍ ဦးကျော်အေး–ဒေါ်ခင်ညွန့်၊ သား ကိုမိုးကျော်ဦး မိသားစု လှူဒါန်းငွေ ကျပ် ၇၇သိန်း၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) အတွက် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) ယာဉ်ပိုင်ရှင်များက လှူဒါန်းငွေ ကျပ် ၂၂သိန်း၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)က လှူဒါန်းငွေ ကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မဟာဝိဇယစေတီတော် တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံသည်။

လက်ခံရယူ

ဆက်လက်၍ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)မှ ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများနှင့် လူမှုရေးအဖွဲ့အစည်းများသို့ အလှူငွေများပေးအပ်လှူဒါန်းရာ တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)၊ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အခန်း(၅)၊ (၆)၊ သဃ်န်းကျွန်း စံပြဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)သို့ အလှူငွေ ကျပ်သုံးသိန်းစီ၊ တပ်မတော်သားဖွားမီးယပ်နှင့်ကလေးဆေးရုံ၊ တပ်မတော်အရိုးကုဆေးရုံ၊ တပ်မတော်ကိုယ်လက်အင်္ဂါပြန်လည် သန်စွမ်းရေးဆေးရုံ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၊ ကြည့်မြင်တိုင် အရိုးကုဆေးရုံနှင့် ကလေးဆေးရုံကြီးတို့သို့ အလှူငွေ ကျပ်တစ်သိန်း ငါးသောင်းစီ၊ လှိုင်သာယာ ပြည်သူ့ဆေးရုံ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)ပြည်သူ့ဆေးရုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) ပြည်သူ့ဆေးရုံ၊ ပရဟိတကျားကျောင်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ မေရီချက်ပ်မင်းကျောင်း၊ ခဝဲခြံခရစ်ယာန် မျက်မမြင်ကျောင်း၊ မရမ်းချောင်ပရဟိတဂေဟာ၊ မရမ်းချောင်ကျေးရွာတိုက်နယ်ဆေးရုံ၊ ဓိဝိတဒါန သံဃာ့ဆေးရုံနှင့် နာရေးကူညီမှုအသင်း(ရန်ကုန်)တို့ကို အလှူငွေကျပ်တစ်သိန်းစီ၊ ရွှေပြည်သာပြည်သူ့ဆေးရုံ၊မှော်ဘီပြည်သူ့ဆေးရုံ၊လှည်းကူးပြည်သူ့ဆေးရုံနှင့် ဒါးပိန်တိုက်နယ်ဆေးရုံတို့အတွက် အလှူငွေကျပ် ငါးသောင်းစီတို့ကို တာဝန်ရှိသူများက ပေးအပ် လှူဒါန်းကြရာ သက်ဆိုင်ရာ တပ်မတော်ဆေးရုံ၊ ပြည်သူ့ဆေးရုံများနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)နှင့် ဦးကျော်အေး – ဒေါ်ခင်ညွန့်တို့ ယနေ့လှူဒါန်းငွေ စုစုပေါင်းမှာ ၂၀၂၀၁၆၂၂ကျပ်ဖြစ်သည်။

(သတင်းစဉ်)

● စစ်ရေးပြစစ်ကြောင်းကြီးများမှ

ထိုသို့ ဖျော်ဖြေရာတွင် မင်္ဂလာဒုံတပ်နယ်ရှိ ဆင်ဖြူရှင်စစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီစင်တင်တေးဂီတ) အဖွဲ့နှင့်အတူ စတီရီယိုတေးသံရှင်များကလည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ မြဝတီစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့တွင် အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ အဖွဲ့ငယ်က အဆိုအကဟာသများဖြင့် လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ စစ်သမီးများက ကာရာအိုကေဖြင့် လည်းကောင်း၊ အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း(ဘုရင့်နောင်)ရှိ အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ "အဖေ့နေရာ" မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း၊ တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်–၅၀၀)ရှိ ဗန္ဓုလစစ်ကြောင်း၌ "ငရဲသား"မြန်မာရုပ်ရှင်ဇာတ်ကားဖြင့်လည်းကောင်း အသီးသီးဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဖျော်ဖြေမှုများကို စစ်ကြောင်းကြီးများမှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများနှင့် အရာရှိ၊ စစ်သည်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)မိသားစုများက မဟာဝိဇယစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်၊ စွယ်တော်မြတ်စေတီတော်အတွက် အလှူတော်ငွေနှင့် ဆေးရုံကြီးများနှင့် လူမှုရေးအဖွဲ့အစည်းများသို့ အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး အလှူတော်ငွေများ လက်ခံစဉ်။
(သတင်းစဉ်)

မြဝတီသာသနာ့ရိပ်သာ ရဟန်းခံ၊ ရှင်ပြုပွဲ

ရန်ကုန် မတ် ၁၈

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည် မြဝတီသာသနာ့ရိပ်သာ၌ (၁၃)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ အလှူတော် မင်္ဂလာကိုမတ်၂၀၊၂၁ရက်တို့တွင်ကျင်းပမည်ဖြစ်ရာ ရဟန်း၊သာမဏေ၊သီလရှင်ဝတ်လိုသူများ မြဝတီသာသနာ့ရိပ်သာ ဖုန်း–၅၇၂၆၆၄ သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်းသိရသည်။ (က–ပ)

☆ ရှေ့ဖုံးမှ

ရှေးဟောင်းမွန်မြန်မာတူရိယာတီးခတ်မှုများနှင့်အတူ နိုင်ငံကျော် အဆိုပညာရှင်များ၊ မျိုးဆက်သစ် တေးသံရှင်များက တေးသံသာများကို တီးခတ်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။ ထို့ပြင် ဟာသပညာရှင်များ၏ ဟဒယနှလုံးရွှင်ပြုံးစေမည့် ဟာသများကိုလည်း ခံစားနိုင်ကြမည်ဖြစ်သည်။

ဂီတနန္ဒဝန်ဂီတပွဲတော်ကြီးကို မတ် ၁၉ရက်၊ ၂၀ရက်နှင့် ၂၁ရက်တို့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင် စင်းလုံးငှားလေယာဉ်ရောက်ရှိ

ရန်ကုန် မတ် ၁၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် Myanmar Kipling Tours Co.,Ltd. ၏ စီစဉ်မှုတို့ဖြင့် ကမ္ဘာလှည့်ခရီးသည် ၆၆ဦးပါရှိသည့် စင်းလုံးငှားလေယာဉ်သည် အီတလီနိုင်ငံ မီလန်မြို့မှ ယနေ့မွန်းတည့်၁၂နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့်Myanmar Kipling Tours Co.,Ltd.တို့မှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ ယဉ်ကျေးမှုအကအဖွဲ့ဝင်များက တိုင်းရင်းသူဝတ်စုံများဖြင့် ပန်းများကမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။ အဆိုပါဧည့်သည်များသည် ရန်ကုန်–ပဲခူး–မန္တလေး–ပုပ္ပား–ပုဂံ–ဟဲဟိုး–ပင်းတယ–အင်းလေး ခရီးစဉ်များသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ (သတင်းစဉ်)

အီရတ်စစ်ပွဲဆင်နွှဲရာ၌ ပစ္စည်းကိရိယာ ချို့တဲ့ ဗြိတိသျှတပ်ဖွဲ့ဝင်များ မကျေမနပ်ဖြစ်လျက်ရှိ

လန်ဒန် မတ် ၁၇

အီရတ်နိုင်ငံကို ဗြိတိန်နိုင်ငံက စစ်ဆင်နွှဲတိုက်ခိုက်မှုသည် ထူးခြားသော အောင်မြင်မှုဖြစ်ကြောင်း၊ သို့ရာတွင် အစီအစဉ်ညံ့ဖျင်းဖြစ်မှု၊ ပစ္စည်းကိရိယာ တန်ဆာပလာချို့တဲ့မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးပြဿနာများ ကြုံတွေ့ရမှုက တပ်ဖွဲ့ဝင်များအတွက် သည်းမခံနိုင်သော အခြေအနေရောက်လုနီးပါးအထိ ဖြစ်လာစေကြောင်း အင်္ဂါနေ့က ထုတ်ပြန်သော ပါလီမန် ကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကာကွယ်ရေးဌာန ရွေးချယ်ရေးကော်မတီက အမေရိကန် ဦးဆောင်သည့် အီရတ်စစ်ပွဲဆင်နွှဲမှုတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုစွမ်းရည်ကို အကြီးအကျယ်သဘောကျနှစ်ခြိုက်လျက်ရှိသည်။ သို့ရာတွင် ကာကွယ်ရေးအကြီးအကဲများအနေဖြင့် အီရတ်စစ်ပွဲမှ အရေးကြီးသည့် သင်ခန်းစာများ ရယူရမည်ဖြစ်ကြောင်း အဆိုပါကော်မတီက ပြောကြားသည်။

ပျက်ကွက်

ရှေ့တန်းစစ်မျက်နှာရှိ တပ်ဖွဲ့ဝင်အချို့ထံသို့ ကျည်ကာအင်္ကျီ၊ လူအစုပြုလိုက်သေစေနိုင်သည့် အဖျက် လက်နက်များအား ကာကွယ်ရန် အထူးဝတ်စုံများနှင့် သဲကန္တာရအတွင်းဝတ်ရန် ဝတ်စုံများ ဖြည့်တင်းရန် ပျက်ကွက်ခဲ့ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

အချို့သော တင့်ကားများနှင့် သံချပ်ကာကားများတွင် နျူကလီးယား၊ ဓာတုနှင့် ဇီဝဆိုင်ရာ ညစ်ညမ်းမှုအန္တရာယ်အား ကာကွယ်ရန် အကာအကွယ်များမရှိခဲ့ပေ။

ဗြိတိသျှအစိုးရအနေဖြင့် အီရတ်စစ်ပွဲ အဆုံးသတ်ရေးအတွက် စီစဉ်ရန်ပျက်ကွက်မှုရှိပြီး အီရတ်နိုင်ငံ တရားဥပဒေစိုးမိုးရေးကို အချိန်ယူဆောင်ရွက်နေခြင်းဖြင့် အချိန်ဖြုန်းတီးနေခြင်းသာဖြစ်ကြောင်း အစီရင်ခံစာတွင်ပါရှိသည်။

တိုက်တွန်း

ဗြိတိသျှ ကာကွယ်ရေးဌာနအနေဖြင့် အီရတ်စစ်ပွဲတွင် အချင်းချင်း မှားယွင်းပစ်ခတ်မှုများ နည်းပါးစေရေးအတွက် အာမခံချက်ရရှိစေရေးအတွက် ယခုထက် ပိုမိုဆောင်ရွက်ရန် အဆိုပါအစီရင်ခံစာက တိုက်တွန်းထားသည်။ အီရတ်စစ်ပွဲတွင် ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးသူ ၃၃ ဦးရှိခဲ့ရာ ၂၂ ဦးသည် မတော်တဆဖြစ်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အင်တာနက်။

မတ် ၁၄ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အပြင်ဘက်တွင် ဟမ်းဗီးစစ်ကားတစ်စီးပေါ်မှ လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

စပိန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းမည်

မဒရစ် မတ် ၁၆

အမေရိကန်သမ္မတဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲတို့သည် အီရတ်ကျူးကျော်စစ်အပေါ် ဝေဖန်သုံးသပ်မှုပြုရန် လိုအပ်ကြောင်း စပိန်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဟိုဆေးလူဝီရိုဒရစ်ဇာပါတီရိုက သတိပေးလိုက်သည်။

သတိပေး

ထို့အပြင် မုသာဝါဒ သုံးပြီးစစ်ပွဲတစ်ပွဲကို စည်းရုံးဆင်နွှဲခြင်း မပြုသင့်ကြောင်းဖြင့် အမေရိကန်၊ ဗြိတိန်နှင့် စပိန်အစိုးရတို့၏ စစ်ပွဲဆင်နွှဲရန်အတွက် အီရတ် နိုင်ငံတွင် အစုပြုလိုက်သေစေနိုင်သည့် လက်နက်များရှိကြောင်း ဆင်ခြေပေးမှုကို ၎င်းက ရည်ညွှန်းကာ သတိပေး ပြောကြားလိုက်သည်။

အတည်ပြုပြောကြား

အမေရိကန်ဦးဆောင်ပြီး အီရတ်ကို တိုက်ခိုက်ခဲ့ခြင်းမှာ ဘေးအန္တရာယ်တစ်ခုဖြစ်ကြောင်း ဇာပါတီရိုက စောစောပိုင်းက ဝေဖန်ပြောကြားထားပြီး ဇွန်လကုန်တွင် အီရတ်ကို ကုလသမဂ္ဂ ဦးဆောင်သည့်တပ်များက ဦးစီးကွပ်ကဲခြင်း မပြုလျှင် အီရတ်ရောက် စပိန်တပ်ဖွဲ့ဝင် ၁၃၀၀ တို့ကို ရုပ်သိမ်းမည်ဟူသော ရွေးကောက်ပွဲ မဲဆွယ်ပွဲ ကတိအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အတည်ပြု ပြောကြားလိုက်သည်။

ပေါ်ပေါက်စေမည်

အီရတ်၌ ဖြစ်ပွားသည့် စစ်ပွဲများမှာ အကြမ်းဖက်မှုပြန့်ပွားရေးကိုသာ ပေါ်ပေါက်စေကြောင်း ဖြင့် ဇာပါတီရိုက ပြောကြားလိုက်သည်။ ***အင်တာနက်။***

အမေရိကန်ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့ဌာနချုပ်ဝင်းအတွင်း၌ ကန်အရာရှိတစ်ဦး ဓားထိုးခံရ၍ ဆေးရုံတင်ထားရ

ဘဂ္ဂဒက် မတ် ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ ရုံးစိုက်ရာဝင်းအတွင်းတွင် လမ်းလျှောက်နေသည့် အမေရိကန် စစ်ဘက်အရာရှိတစ်ဦးကို တိုက်ခိုက်သူတစ်ဦးက ဓားဖြင့်ထိုးသည့်အတွက် ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်ဟု အမေရိကန် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထူးထပ်စွာချထား

အီရတ်ရှိ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့နှင့် အပေါင်းပါ အဖွဲ့များ၏ ရုံးစိုက်ရာ နေရာကို ဂရင်းဇုန် (သို့) အစိမ်းရောင် နယ်မြေဟု ခေါ်ဝေါ်သုံးစွဲကြသည်။ ဓားထိုးမှုမှာ ထိုဇုန်အတွင်း၌ စနေ နေ့ ညနေပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုအစိမ်းရောင် နယ်မြေအတွင်းတွင် အစောင့်အကြပ်များ ထူထပ်စွာ ချထားသည်။ ဓားထိုး မှုဖြစ်ပွားရသည့် အခြေအနေများကို ဒန်စင်နာ အမည်ရှိ အပေါင်းပါ တပ်ဖွဲ့ အာဏာပိုင် (စီပီအေ)၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်ရပ်သည် အစိမ်းရောင်ဇုန်အတွင်း၌ ပထမဆုံးဖြစ်ပွားသောကိစ္စပင်ဖြစ်ကြောင်း၊ ဓားနှင့်ထိုးသူသည် အီရတ်လူမျိုးတစ်ဦး သို့မဟုတ် အမေရိကန် လူမျိုးတစ်ဦးဖြစ်သည်ကို တိတိကျကျ မပြောနိုင်သေးကြောင်းဖြင့် ပြောဆိုသည်။

အခြေအနေကောင်း

ဓားထိုးခံရသူမှာ ရင်ပိုင်း၊ ဦးခေါင်းပိုင်းနှင့် လည်တိုင်တို့တွင် ဒဏ်ရာများရရှိသွားသည်။ ၎င်းမှာ တိုက်ခိုက်ခံရပြီးချက်ချင်းဆိုသလို သတိမေ့မျောသွားပြီး လူနာကို ဂျာမနီရှိ အမေရိကန် စစ်ဆေးရုံသို့ ခေါ်ဆောင်သွားသည်။ ယခုအခါ လူနာအခြေအနေမှာ ကောင်းမွန်နေပြီဖြစ်ကြောင်း ဆင်နာက ပြောကြားသည်။

မပြောကြား

ဓားထိုးခံရသူအရာရှိ၏ အမည်ကိုလည်းကောင်း၊ ဓားထိုးမှုဖြစ်ရသည့် အကြောင်းအရင်းကို လည်းကောင်း ပြောရေးဆိုခွင့်ရှိသူ ဆင်နာက ထုတ်ဖော် ပြောကြားခြင်းမရှိပေ။

တိုက်ခိုက်လေ့ရှိ

အမေရိကန် ဆန့်ကျင်ရေး ပြောက်ကျားများသည် အစိမ်းရောင်ဇုန် နယ်မြေအတွင်းသို့ မကြာခဏဆိုသကဲ့သို့ ဒုံးများ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန် ဒီဗာလေတပ်စခန်း၌ အီရတ်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြ

ဒီဗာ (အမေရိကန်) မတ် ၁၇

အီရတ်နိုင်ငံတွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များသို့မဟုတ် လက်ရှိတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များ၏ ဆွေမျိုးသားချင်းအများစုပါဝင်သည့် ဆန္ဒပြသူ ၆၀၀ ခန့်သည် အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းဒေသရှိ ဒီဗာလေတပ်စခန်းအပြင်ဘက်တွင် ချီတက်၍ အီရတ်စစ်ပွဲအား ဆန့်ကျင်ဆန္ဒပြကြသည်။

မိမိအနေဖြင့် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ အစိုးရအပေါ် စိတ်ပျက်လက်ပျက် ဖြစ်မိကြောင်းဖြင့် ဆန္ဒပြသူတစ်ဦးဖြစ်သည့် ဖာနန်ဒိုဆောရက်စ်က ပြောကြားသည်။

ချီတက်ဆန္ဒပြပွဲကို စစ်ဘက်ဆိုင်ရာ မိသားစုပြောရေးဆိုခွင့်အုပ်စုက ကြီးမှူးကျင်းပပြီး ပြည်သူလူထု၊ စစ်ဘက်ဆိုင်ရာ မိသားစုများနှင့် ငြိမ်းချမ်းရေးအုပ်စုတို့မှ ပုဂ္ဂိုလ်များ ပါဝင်ကြသည်။ ***အင်တာနက်။***

မတ်၁၄ရက် ညပိုင်းက အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ ဈေးဆိုင်တန်းများတွင် ကင်းလှည့် စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကယ်ကွတ်မြို့ ကောင်စီဝင်တစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရ

ဘဂ္ဂဒက် မတ် ၁၆

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ ကောင်စီဝင် အာရပ်အမျိုးသားတစ်ဦးသည် အစည်းအဝေး တက်ရောက်ရန် ကားမောင်း၍လာစဉ် သေနတ်ဖြင့်ပစ်သတ်ခံရသည်။ ၎င်းသည် အဆိုပါဒေသတွင် နှစ်ရက်အတွင်း ဒုတိယအကြိမ်မြောက် သေဆုံးသည့် အီရတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ပစ်ခတ်

အဆိုပါမြို့ကောင်စီဝင်သည် အင်္ဂါအယ်လ်တာဝီဖြစ်ပြီး မြို့ကောင်စီ၏အပတ်စဉ် အစည်းအဝေး တက်ရောက်ရန် ကားဖြင့်လာစဉ် ဦးခေါင်းအား သေနတ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခံရခြင်းဖြစ်ပြီး ၎င်း၏ကိုယ်ရံတော်လည်း သေဆုံးသွားကြောင်း၊ သေနတ်သမားသည် အနီရောင်ကားပေါ်မှ ပစ်ခတ်ပြီးနောက် မောင်းပြေးသွားကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ တော်ဟန်ယူဆစ်ဖ်က ပြောကြားသည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများက အစိုးရမော်တော်ယာဉ်တန်းတစ်ခုအား မိုဆူးလ်မြို့တွင် တနင်္ဂနွေနေ့က တိုက်ခိုက်ခဲ့ရာ ဒေသဆိုင်ရာ အလုပ်သမား၊ လူမှုဖူလုံရေးဌာန အကြီးအကဲနှင့် ၎င်း၏ယာဉ်မောင်းတို့ သေဆုံးခဲ့ရကြောင်း အမေရိကန် ဗိုလ်ချုပ်မက်ကင်းမစ်က ပြောကြားသည်။ တိုက်ခိုက်သူများက မိုဆူးလ်ရဲဌာနအား တနင်္လာနေ့နံနက်ပိုင်းက စိန်ပြောင်းများဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်သော်လည်း အဆောက်အအုံကို မထိမှန်ဘဲ အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကားအချို့ပျက်စီးသွားသည်။ ***အင်တာနက်။***

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

ကျူးကျော်စစ်ပွဲကြောင့် အီရတ်နိုင်ငံတွင် အပြစ်မဲ့ကလေးငယ်များသေဆုံးကြရမှု

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် ကလေးငယ်များမှာ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ရသည်။ စစ်ကြောင့် မိဘမဲ့ဖြစ်ခဲ့ရသောကလေးများလည်း မြောက်မြားစွာရှိသည်။ အပြစ်မဲ့ အီရတ်ကလေးများ သေကျေရခြင်းသည် ကျူးကျော်စစ်ပွဲ၏ နောက်ဆက်တွဲဆိုးကျိုးတစ်ခုပင်ဖြစ်သည်။

အီရတ် စစ်ပွဲကြောင့် အပြစ်မဲ့သော ကလေးငယ်များ ထိခိုက်သေဆုံးမှုကို ကန့်ကွက်သည့် အနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်က စပိန်နိုင်ငံ ဗလင်စီယာမြို့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတစ်ရပ် ကျင်းပစဉ်။

ကျူးကျော်စစ်ပွဲ၏ အကျိုးဆက်အဖြစ် အပြစ်မဲ့ အီရတ်ကလေးငယ်များ သေဆုံးကြရမှု

ရက်စွဲ	နေရာ	အကြောင်းအရာ	သေဆုံးသူဦးရေ
၂၆-၃-၂၀၀၃	ရှုဘာ	လေကြောင်းဗုံးကြဲ	၂
၅-၄-၂၀၀၃	ကာဘာလာ	စက်သေနတ်ထိမှန်	၁
၂၈-၄-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၁၅
၃-၅-၂၀၀၃	ဘာဆာရာ	သေနတ်ထိမှန်	၁
၆-၅-၂၀၀၃	တီကရစ်	ကားတိုက်	၁
၂၈-၆-၂၀၀၃	ဘာဆာရာ	ကားတိုက်	၁
၂၂-၇-၂၀၀၃	မိုဆူးလ်	သေနတ်ထိမှန်	၁
၁၂-၉-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၁
၁၆-၁၀-၂၀၀၃	တီကရစ်မြို့	လမ်းဘေးဗုံး	၁
၂၄-၁၀-၂၀၀၃	မိုဆူးလ်	လက်ပစ်ဗုံး	၂
၂၇-၁၀-၂၀၀၃	ဘဂ္ဂဒက်	ကားဗုံး	၁၅
၂-၁၁-၂၀၀၃	ဖော်လူဂျာအနီး	သေနတ်ထိမှန်	၁
၅-၁၁-၂၀၀၃	မိုဆူးလ်	လက်ပစ်ဗုံး	၁
၁၁-၁၁-၂၀၀၃	ဖော်လူဂျာ	သေနတ်ထိမှန်	၅
၁၂-၁၁-၂၀၀၃	နာဆီရီယာ	ကားဗုံး	၁၃
၁၇-၁၁-၂၀၀၃	ဘဂ္ဂဒက်	သေနတ်ထိမှန်	၃
၁၉-၁၁-၂၀၀၃	ရာမာဒီ	ကားဗုံး	၂
၂၆-၁၁-၂၀၀၃	မိုဆူးလ်	ကားဗုံး	၁
၂၈-၁၂-၂၀၀၃	ဘဂ္ဂဒက်	လမ်းဘေးဗုံး	၂
၁-၂-၂၀၀၄	အာဘီလ်	ကားဗုံး	၉
၁၀-၂-၂၀၀၄	အစ္စကန်ဒါရီယာ	ကားဗုံး	၅
၂-၃-၂၀၀၄	ဘဂ္ဂဒက်၊ကာဘာလာ	ကားဗုံး	၁၀
		စုစုပေါင်း	၉၃

ဖေဖော်ဝါရီ ၁၃ ရက်က ဆာမာဝါမြို့၏ မြောက်ဘက် ရှုမေသာတွင် အမေရိကန် တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဒဏ်ရာရသွားသူ အီရတ်ကလေးငယ်တစ်ဦးကို ခွဲစိတ်ကုသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဖေဖော်ဝါရီ ၁၁ရက်က အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦး မြို့တော်ဘဂ္ဂဒက်ရှိ ဗဟိုကလေးဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေစဉ်။

လက်နှစ်ဖက်စလုံး ဖြတ်တောက်ရသည်အထိ ပြင်းထန်စွာ ဒဏ်ရာရခဲ့သော အသက် ၁၂နှစ်အရွယ် အလီအစ္စမာအီးလ်ဆိုသူ ကလေးငယ်ကို ဆေးရုံတွင် တွေ့ရစဉ်။ (ယင်းကလေးငယ်၏ ဆွေမျိုး ၁၆ဦးသည် ဗုံးဒဏ်ကြောင့် သေဆုံးခဲ့ရသည်။)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

ပသောင်းတံတားဆိုင်ရာ အချက်အလက်များ

တံတားပေအရှည်	- ၈၁၀ပေ
ယာဉ်သွားလမ်းအကျယ်	- ၂၈ပေ
လူသွားလမ်းအကျယ်	- တစ်ဖက် ၄ပေစီ
တံတားအမျိုးအစား	
အပေါ်ထည်	- သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း
အောက်ထည်	- သံကူကွန်ကရစ်တိုင်
စီမံကိန်းစတင်သည့်နေ့	- ၁-၆-၂၀၀၀
စီမံကိန်းပြီးစီးသည့်နေ့	- ၇-၁၂-၂၀၀၁
တံတားဖွင့်လှစ်သည့်နေ့	- ၂၈-၁၂-၂၀၀၁

ပသောင်းတံတား

တနင်္သာရီတိုင်း မြိတ်မြို့နယ် ပသောင်းကျေးရွာအနီး ထားဝယ် - မြိတ် - ကော့သောင်း ကားလမ်းမကြီးပေါ်တွင် တပ်မတော်က တာဝန်ယူတည်ဆောက်ခဲ့သော ပသောင်းတံတားကို တွေ့ရစဉ်။

(၅၉)နှစ်မြောက်တပ်မတော်နေ့

အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ပသောင်းတံတားတည်နေရာပြမြေပုံ



တံတား ချဉ်းကပ်လမ်း ပသောင်းတံတားအဝင် ချဉ်းကပ်လမ်းကိုတွေ့ရစဉ်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

* **ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။**
* **ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်။**
* **ငါ့အား အထက်မှပေးအပ်သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမည်။**
* **ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏။**

တပ်မတော်သားဟူ၍ ဖြစ်လာလျှင် တပ်သားသစ်မှသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဆင့်အထိ အထက်ပါ သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်ကြရပါသည်။ အလေးအနက်ထား လိုက်နာဆောင်ရွက်ရန်အတွက် နေ့စဉ် နိုင်ငံတော်အလံနှင့်ကျဆုံးလေပြီးသော တပ်မတော်သားများကို အလေးပြုပြီး သစ္စာဆိုကြရပါသည်။ အဆိုပါ သစ္စာလေးချက်သည် အဓိဋ္ဌာန်ပြုခြင်းသဘောကို ဆောင်ပြီး တပ်မတော်သားအားလုံး၏ စွန့်လွှတ်ခြင်းသဘော သဘာဝကို ညွှန်းပြဆိုလျက်ရှိပေသည်။

"ငါတို့သည်" ဆိုသည့် စကားရပ်သည် တပ်မတော်သားများအားလုံးကို ကိုယ်စားပြုထားသည်နှင့်အညီ တပ်မတော်သားများအားလုံး တစ်စိတ်တည်း၊ တလုံးတစည်းတည်း၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ရှိမှုကို ဖော်ပြထားခြင်း ဖြစ်ပေသည်။ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်ဆိုသည်မှာ မြန်မာနိုင်ငံတော်၏ ရေထု၊ မြေထု၊ လေထုပိုင်နက် နယ်မြေကို မည်သည့်အကြောင်းနှင့်မျှ တစ်လက်မမျှပင် ကျူးကျော်ခြင်းမခံရအောင် ကာကွယ်စောင့်ရှောက်ပါမည်ဆိုသည့် ကာကွယ်ရေးတာဝန်အတွက်နှင့် မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများ အားလုံး၏ အသက် အိုးအိမ် စည်းစိမ်ချမ်းသာမှစ၍ ကိုယ်ရောစိတ်ပါ သူတစ်ပါးတို့၏ ဩဇာအာဏာခံ ကျွန်ဘဝသို့ မရောက်ရလေအောင် ကာကွယ်စောင့်ရှောက်ရန်အတွက် သစ္စာပြုခြင်းပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါး ဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ပါမည် ဆိုသည်ကို သစ္စာပြုခြင်းပင် ဖြစ်ပါသည်။

ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေပါမည် ဆိုသည်မှာ တပ်မတော်သားတို့၏ အမွန်မြတ်ဆုံးသော နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို အသက်ပေး ကာကွယ်စောင့်ရှောက်သွားကြသူ တပ်မတော်သားများ၏ ကောင်းမြတ်သောလုပ်ငန်းနှင့် အစဉ်အလာအတိုင်း မသွေမဖည်ဘဲ ဆက်လက်ကျင့်သုံး လုပ်ဆောင်သွားမည်ကို သစ္စာပြုခြင်းပင်ဖြစ်ပါသည်။ တပ်မတော်သားများအနေဖြင့် တပ်မတော်တွင်းသို့ စတင်ဝင်ရောက်ရန်အတွက် စစ်မှုထမ်းအဖြစ် စာရင်းသွင်းဝင်ရောက်စဉ်မှာပင် နိုင်ငံတော်အတွက် မိမိအသက်ကို စွန့်လွှတ်ရန် စာရင်းပေးသွင်းခြင်းပင်ဖြစ်သည်ဟု ဆိုရမှာဖြစ်ပါသည်။ ဦးတည်ချက်၊ ရည်ရွယ်ချက်ချင်းအတူတူ၊ လုပ်ငန်းတာဝန်ချင်းအတူတူ သေတူရှင်ဖက်၊ ရဲဘော်ရဲဘက်စိတ်ဖြင့် နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားခဲ့ကြသူများဖြစ်၍ ၎င်းတို့အတွက် ဂုဏ်ယူကြရမှာဖြစ်သကဲ့သို့ ၎င်းတို့အပေါ် သစ္စာ

စောင့်သိကြရမှာလည်း ဖြစ်ပါသည်။ တပ်မတော်သားများသည် နိုင်ငံလွတ်လပ်ရေးအတွက် ပြည်သူတို့နှင့် လက်တွဲပူးပေါင်းပြီး သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်တွင် အန္တရာယ်နှင့်ကြုံလေတိုင်း တပ်မတော်သားများသည် ရဲဘော်ရဲဘက်စိတ်ဖြင့် တစည်းတလုံးတည်းသော ညီညွတ်သော စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံလျက် နိုင်ငံတော်မပြိုကွဲအောင် အတူတကွ ကယ်တင်လာခဲ့ကြသူများ ဖြစ်ကြသည်။ ယင်းသို့ တစ်ဦးနှင့်တစ်ဦး သစ္စာစောင့်သိလာခဲ့ကြသူများဖြစ်ကြသည်နှင့်အညီ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကျဆုံးသွားခဲ့သော တပ်မတော်သားများအား၏ သစ္စာကို ကျန်ရှိသူများက ဆက်လက်စောင့်ထိန်းရမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ကျဆုံးခဲ့လေပြီးသော တပ်မတော်သားများက နိုင်ငံတော်အတွက် အသက်ပေးဆောင်ရွက်ရန် ဝန်မလေးဘဲ အသက်စွန့်လွှတ်သွားကြသကဲ့သို့ လက်ရှိတပ်မတော်သားများအနေဖြင့်လည်း နိုင်ငံနှင့် လူမျိုး အကျိုးအတွက် ဆောင်ရွက်ကြရာတွင် တပ်မတော်၏ မွန်မြတ်သော အစဉ်အလာအတိုင်း အသက်သွေးချွေးပေးဆက်ရန် အသင့်ရှိနေကြသည်ကို ဖော်ညွှန်းထားခြင်းပင်ဖြစ်ပေသည်။

အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမည်ဟု သစ္စာဆိုမှုသည် အခြားသော လုပ်ငန်းတာဝန်များနှင့်မတူပေ။ အသက်ကိုပင် စွန့်လွှတ်သည်အထိ လုပ်ငန်းတာဝန်ထမ်းဆောင်ရသည်နှင့်အညီ စည်းကမ်းစနစ်တကျဖြင့် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်ပါမှ အောင်မြင်မှုရတတ်သည့် လုပ်ငန်းသဘာဝရှိပေသည်။ ထို့ကြောင့် အမိန့်နာခံမှုသည် တပ်မတော်သားတို့ အခြေခံလိုက်နာကျင့်သုံးကြရမည့် မရှိမဖြစ် အဓိကအကျဆုံးသော အချက်တစ်ချက် ဖြစ်နေပေသည်။ ထို့ကြောင့် တပ်မတော်သားများအနေဖြင့် မည်သည့်အခြေအနေမျိုးတွင်မဆို နိုင်ငံနှင့်လူမျိုး အကျိုးအတွက်ဆိုပါက တစ်သွေး၊ တစ်သံ၊ တစ်မိန့်အတိုင်း လိုက်နာကျင့်သုံးကြရမည်ဖြစ်ပေသည်။ အဆိုပါ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုသည့် စကားသည် အမြင့်မားဆုံးသော စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ရဲဘော်ရဲဘက်စိတ်ရှိခြင်း ဆိုသည်ကို ဖော်ညွှန်းလျက်ရှိပါ၍ အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမည်ဟု သစ္စာပြုခြင်းဖြစ်ပေသည်။

သစ္စာလေးချက်၏ နောက်ဆုံးအချက်အဖြစ် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ဟု ဆိုထားပါသည်။ လူသားတိုင်းသည် အသက်ရှင်နေထိုင်နိုင်ရေးအတွက် အဓိကထား ရုန်းကန်လှုပ်ရှားနေ

ရှေ့တန်းတစ်နေရာတွင် တပ်မတော်သားများ လုံခြုံ

ပြည်သူ့သားကော

ကြရသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ အသက်ထက်မြတ်နိုးဖွယ်ရာမရှိ ဆိုသည်ကို လက်ခံ ယုံကြည်ကြသည်မှာလည်း လူတို့၏ သဘာဝပင်ဖြစ်ပေသည်။ လူသားတိုင်း အမြတ်နိုးဆုံးဖြစ်သည့် အသက်ကိုပင် နိုင်ငံအတွက်၊နိုင်ငံသားတို့အတွက်၊ တပ်မတော်အတွက်

နိုင်ငံအတွက်၊ ရဲဝံ့စွန့်စားစွာဖြင့် အသက်စွန့်
တပ်မတော်သားတို့အနေဖြင့် ရဲဝံ့စွန့်စားစွာ ဆောင်
ဆိုသည့်အတိုင်း အောင်မြင်မှုကို မလွဲမသွေရရှိမည်

စွန့်လွှတ်ရန် သစ္စာအဓိဋ္ဌာန်ပြုခြင်းသည် တပ်မတော်သားတို့၏ အမွန်မြတ်ဆုံးသော "စစ်သားဂုဏ်ရည်"ကို ပြဆိုခြင်းပင် ဖြစ်ပါသည်။ အသက်ကိုစွန့်လွှတ်ရန် သစ္စာအဓိဋ္ဌာန်ပြုခြင်းသည် နိုင်ငံအကျိုးအတွက် အထက်မှပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ

ရေးတာဝန်ယူထားသည့် စခန်းကုန်းကို ဤသို့တွေ့ရသည်။

ငင်းစစ်သည်တော်

မြင့်သိန်းအောင်

ရန် လုံးဝဝန်မလေးဘဲ သစ္စာအဓိဋ္ဌာန်ပြုထားသော ရှက်ကြခြင်းဖြင့် "စွန့်ဝံ့သူသာ အောင်ကြောင်းဖြာ" ဖြစ်သည်။

ထမ်းဆောင်ကြရာမှာ ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား ဆောင်ရွက်သွားမည်ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ ရဲဝံ့စွန့်စားစွာ ဆောင်ရွက်ရန်မှာလည်း တိုက်စိတ် ခိုက်စိတ်ပြင်းပြပြီး လေ့ခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်ဖြင့် နိုင်ငံတော် ကာကွယ်ရေး တာဝန်ကို

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြို ဂုဏ်ပြုဆောင်းပါး

ယုံကြည်ချက်၊ ခံယူချက်ဖြင့် ဆောင်ရွက်မှသာ ရနိုင်မည်ဖြစ်ပေသည်။ "ရဲသော်မသေ၊ သေသော် ငရဲမလား" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံအတွက်၊ ရဲဝံ့စွန့်စားစွာဖြင့် အသက်စွန့်ရန် လုံးဝ ဝန်မလေးဘဲ သစ္စာအဓိဋ္ဌာန်ပြုထားသော တပ်မတော်သားတို့အနေဖြင့် ရဲဝံ့စွန့်စားစွာ ဆောင်ရွက်ကြခြင်းဖြင့် "စွန့်ဝံ့သူသာ အောင်ကြောင်းဖြာ"ဆိုသည့်အတိုင်း အောင်မြင်မှုကို မလွဲမသွေရရှိမှာဖြစ်ပါသည်။

ရဲဝံ့သူများ၊ စွန့်လွှတ်ရဲသူများအနေဖြင့် လူသာ သေလျှင် သေမည်၊ နာမည်မှာမူ မည်သည့်အခါမှ သေမည် မဟုတ်ဘဲ သမိုင်းမှတ်တမ်းတင်၍ ကျန်နေရစ်မှာပင် ဖြစ်ပေသည်။ လူသေဆုံးသည့်တိုင်အောင် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကာကွယ်စောင့်ရှောက်သော တာဝန်ကို ထမ်းဆောင်ကြသူများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ချမ်းသာ လုံခြုံစိတ်ချရအောင် ကာကွယ်စောင့်ရှောက်ပေးသူများဖြစ်၍ သေသော် ငရဲလားရန်မရှိပါ။ စိတ်ထားမှန်ကန် မွန်မြတ်သူများ ဖြစ်ကြသည့်အလျောက် ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခြင်း၊ လုပ်ရပ်မှန်ကန်ခြင်းတို့ကြောင့် တပ်မတော်သားတို့၏ "ဂုဏ်" သည် မည်သည့်အခါမှ

မြစ်ချောင်းများ ဆီးတားထားသော်လည်း အခက်အခဲများကို ကျော်ဖြတ် ချီတက်လျက်ရှိသော တပ်မတော်သားများကို တွေ့ရစဉ်။

> သစ္စာလေးချက်၏ နောက်ဆုံးအချက်အဖြစ် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ဟု ဆိုထားပါသည်။ လူသားတိုင်းသည် အသက်ရှင်နေထိုင်နိုင်ရေးအတွက် အဓိကထား ရုန်းကန်လှုပ်ရှားနေကြရသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ အသက်ထက် မြတ်နိုးဖွယ်ရာ မရှိ ဆိုသည်ကို လက်ခံ ယုံကြည်ကြသည်မှာလည်း လူတို့၏ သဘာဝပင်ဖြစ်ပေသည်။ လူသားတိုင်း အမြတ်နိုးဆုံးဖြစ်သည့် အသက်ကိုပင် နိုင်ငံအတွက်၊ နိုင်ငံသားတို့အတွက်၊ တပ်မတော်အတွက် စွန့်လွှတ်ရန် သစ္စာအဓိဋ္ဌာန်ပြုခြင်းသည် တပ်မတော်သားတို့၏ အမွန်မြတ်ဆုံးသော "စစ်သားဂုဏ်ရည်"ကို ပြဆိုခြင်းပင်ဖြစ်ပါသည်။

ညှိုးနွမ်းသွား ဖွယ်ရာမရှိပေ။ "တောက်ပြောင်"နေမည် ဖြစ်ပေသည်။ မှန်ကန်စွာဆောင်ရွက်ကြခြင်းဖြင့် မိမိ လုပ်ငန်း တာဝန်အတွက်၊ မိမိတို့ တပ်မတော်သား တို့၏ ဘဝအတွက် ဂုဏ်ယူဝမ်းမြောက် နေကြရမှာ ဖြစ်ပေသည်။

သစ္စာလေးချက် ဦးထိပ်ရွက်သကဲ့သို့ပင် တပ်မတော်သားများအနေဖြင့် ကျင့်ဝတ်ခြောက်ဆယ်ကို ရင်၌လွယ်ပြီး အမှန်တကယ်လိုက်နာ လုပ်ဆောင်ကြရပေသည်။ စစ်သည်တော်ကျင့်ဝတ်စာစောင်တွင် ကျင့်ဝတ်တန်ဖိုးကို ဖော်ပြထားရာတွင် လူတစ်ဦးချင်းစီ၏တန်ဖိုးသည် လူ့ကျင့်ဝတ်သီလဖြစ်ကြောင်း၊ ကျင့်ဝတ်သီလမရှိသောသူသည် လူကောင်းသူကောင်း မဟုတ်၊ အကျင့်ပျက်ပင်ဖြစ်မည်ဖြစ်ကြောင်း၊ စစ်သည်တော်ကျင့်ဝတ်သည် တပ်မတော်သားတစ်ဦးအတွက် အကျင့်သီလပင်ဖြစ်ကြောင်း၊ စစ်သည်တော်ကျင့်ဝတ် မရှိသော တပ်မတော်သားတစ်ဦးသည် စစ်သည်တော်ကောင်းမဖြစ်နိုင်၊ အကျင့်ပျက်တစ်ဦးပင်ဖြစ်ပေမည် ဖြစ်ကြောင်း၊ စစ်သည်တော်တစ်ဦးချင်းဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည်လည်း ၎င်းစစ်သည်တော်များ ကျင့်ဝတ်သီလမရှိပါက တပ်မတော်ကောင်းတစ်ရပ် ဖြစ်လာနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် အရည်အသွေးမြင့်မား၍ ပြည်သူလူထု၏ ကြည်ညိုကိုးစားမှုကို ခံရသော တပ်မတော်ကြီးဖြစ်လာစေရန် တပ်မတော်သားတိုင်းသည် စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာစောင့်ထိန်း လိုက်နာကြရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

သို့ဖြစ်၍ တပ်မတော်သားတိုင်းသည် ကျင့်ဝတ်ခြောက်ဆယ်ကို မြဲမြဲစွာ စောင့်ထိန်းလိုက်နာ ကျင့်သုံးကြရမည်ဖြစ်ပေသည်။ ကျင့်ဝတ်ခြောက်ဆယ်တွင် စစ်သည်တော်တိုင်း တစ်ဦးချင်းပြုကျင့်ရမည့် ကျင့်ဝတ် အပါး ၂၀၊ အကြီးအကဲများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါး၊ လက်အောက်ငယ်သားများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်ငါးပါး၊ အခြားရဲဘော်များအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ပါး၊ ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ပါးနှင့် ရန်သူအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်ငါးပါးဟူ၍ သီးခြားစီပြဋ္ဌာန်းထားပါသည်။ တစ်ဦးချင်းကောင်းမွန်ရန်အတွက်လည်းကောင်း၊ အထက်အောက် ဆက်ဆံမှု၊ အချင်းချင်း ဆက်ဆံမှု ကောင်းမွန် အဆင်ပြေစေရန်အတွက်လည်းကောင်း၊ ပြည်သူလူထုအပေါ် မိဘသဖွယ် မည်ကဲ့သို့ အလေးထားဆက်ဆံပြုမူရမည်ကို လည်းကောင်း၊ နိုင်ငံနှင့် လူမျိုးအတွက် ဆောင်ရွက်နေကြရသော တပ်မတော်သားများပီပီ ရန်သူအပေါ် မည်သို့ပြုကျင့်ရမည်များကိုပါ အပြည့်အစုံ ဖော်ပြထားသည်ကို တွေ့ရပါမည်။

စစ်သည်တော်ဟောင်းတစ်ဦး၏ **"ငါ့သားများ စစ်ထဲဝင်ရင်လေ သူ့ကိုပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင် တကယ့်ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြား ပေးတဲ့ ကျောင်းကြီးပေါ့"** လို့ ဆိုထားသကဲ့သို့ ကျင့်ဝတ် ၆၀ ကိုသာ တိကျစွာလိုက်နာဆောင်ရွက်ကြမည်ဆိုလျှင်၊ သစ္စာလေးချက်ကို အစဉ်အမြဲ ဦးထိပ်ထားပြီး လိုက်နာဆောင်ရွက်ကြမည်ဆိုလျှင် အဆိုပါ တပ်မတော်သားကို ပြည်သူ့သားကောင်း စစ်သည်တော် အဖြစ် ကမ္ပည်းမော်ကွန်းတင်ရမည်ပင် ဖြစ်လေသည်။

အချုပ်ဆိုရသော် တပ်မတော်သားတိုင်း အနေဖြင့် ---

သစ္စာလေးချက်၊ ဦးထိပ်ရွက်ပြီး
မပျက်သစ္စာ၊ ထားရှိရာ၏။
ကျင့်ဝတ်ခြောက်ဆယ်၊ ရင်မှာလွယ်ပြီး
တကယ်လိုက်နာ၊ ကျင့်ကြံရာ၏။
ထိုထိုလူသား၊ တပ်မတော်သားလို
အများသူငါ၊ မစွမ်းသာမို့
မှတ်ပါ "ပြည်သူ့သားကောင်းများ"
ဂုဏ်ယူကြပါ "တပ်မတော်သား"
ဟု ဆိုလိုက်ပါရစေ။ ။

ညောင်ကန်အေးကွင်းကျောင်း ၁၀ရက်တရားစခန်း

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်သြဝါဒခံ ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ၌ (၃၃)ကြိမ်မြောက် မဟာစည်ဝိပဿနာ ၁၀ ရက်စခန်းတရားအားထုတ်ပွဲကို ဧပြီ ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် တရားအားထုတ်လိုသူများသည် ညောင်ကန်အေးကွင်းကျောင်း ဝေယျာဝစ္စအဖွဲ့ ဖုန်း-၅၆၀၉၂၄ သို့ ဆက်သွယ်စာရင်းသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

● **ကျောဖုံးမှ**

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေမိုးငွေမိုး ရှာသွန်းဖြိုးပေးပြီး ဆီအုန်းစက်ရုံသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဆီအုန်း စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့များ၊ ကျောင်းသား၊ကျောင်းသူများအား နှုတ်ဆက်ကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ရွှေဆီအုန်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာဒေါက်တာကိုကိုထွေးက ကော့သောင်းမြို့နယ် ၁၈မိုင်ရှိ ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆီအုန်းခြံမှ ဆီသီးခိုင်များထွက်ရှိမှု၊ တစ်နာရီ ဆီသီးခိုင် ငါးတန်ကျ ဆီအုန်းဆီကြိမ်းစက်ရုံ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော့သောင်းမြို့နယ်တွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် တက်နေကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းသန်းအေးက ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်း၊ ဆီကြိမ်းစက်ရုံ လည်ပတ်မှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားအားပေးပြီး ရွှေဆီအုန်းကုမ္ပဏီလီမိတက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ကော့သောင်းမြို့နယ်ရှိ ရွှေဆီအုန်းကုမ္ပဏီလီမိတက်၏ တစ်နာရီ ဆီသီးခိုင်ငါးတန်ကျ ဆီအုန်းစက်ရုံသစ်ဖွင့်ပွဲတွင် ဆီအုန်းစက်ရုံသစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင်ဆီအုန်းပင်များကိုကြည့်ရှုစဉ်။ (သတင်းစဉ်)

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က တနင်္သာရီတိုင်းတွင် ၁၉၉၉ခုနှစ်မှစ၍ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းကြီး၌ပါဝင်ဆောင်ရွက်ခဲ့မှု၊ ယနေ့အထိ စိုက်ပျိုးပြီးစီးသည့် ဆီအုန်းစိုက်ဧကများ၊ ဆီကြိမ်းစက်ရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း လုပ်ငန်းသည် စိုက်ပျိုးဆောင်ရွက်သူများအတွက်ရော နိုင်ငံတော်အတွက်ပါ ရေရှည်အကျိုးကျေးဇူးရှိသည့် စီမံကိန်းဖြစ်ကြောင်း။

လက်ရှိ စိုက်ပျိုးလျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဆီအုန်းခြံများ ဖြစ်ထွန်းနေမှု အခြေအနေနှင့် အလားအလာများကို အခြားစီးပွားရေးလုပ်ငန်းရှင်များလည်း မျက်မြင်လေ့လာသိရှိပြီး တွက်ချက်ချိန်ဆ၍ ဆီအုန်းစိုက်ပျိုးမှု လုပ်ငန်း၌ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန် ယခုကဲ့သို့ လုပ်ငန်းရှင်များဖြင့် တနင်္သာရီတိုင်းသို့ စုစုစည်းစည်း လာရောက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် လုပ်ငန်းရှင်များက ဆီအုန်းစိုက်ပျိုးခြင်းလုပ်ငန်းအတွေ့အကြုံများ၊ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ခမောက်ကြီးဒေသ

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့နယ် ခမောက်ကြီးဒေသသို့ သွားရောက်ကြပြီး ကော့သောင်း-ခမောက်ကြီး ကားလမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် ဆီအုန်းစိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ခမောက်ကြီးရှိ ယုဇနကုမ္ပဏီ လီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြပြီး အစို့ပေါက် ဆီအုန်းမျိုးစေ့များ၊ ပျိုးပင်များ၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ ဆီသီးခိုင်များကို ကြည့်ရှုကြသည်။

ရေအားလျှပ်စစ်

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းနှင့် ဆက်စပ်လျက်ရှိသည့် နယ်မြေများ၌ ရေအားလျှပ်စစ် ထုတ်ယူရရှိနိုင်မည့် ရေအရင်းအမြစ်အခြေအနေများကို လေ့လာတိုင်းတာပြီး ဒေသဖွံ့ဖြိုးရေးအပါအဝင် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကို အထောက်အကူပြုနိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများထူထောင်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ခမောက်ကြီး ဒေသရှိ ယုဇနကုမ္ပဏီ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရွှေဆီအုန်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာကိုကိုထွေးတို့က ကော့သောင်းမြို့နယ်ရှိ ရွှေဆီအုန်းကုမ္ပဏီလီမိတက်၏ တစ်နာရီဆီသီးခိုင်ငါးတန်ကျဆီအုန်းစက်ရုံသစ် ဖွင့်ပွဲတွင် စက်ရုံကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

➪ စာမျက်နှာ ၁၀ မှ

လီမိတက်၏ဆီအုန်းစိုက်ခင်းကြီးကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့နယ် မိုင် ၆၀ စခန်းရှိ ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ ပိုကောင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအေးမောင်က ဘုတ်ပြင်းမြို့နယ်တွင် ဆီအုန်းဧက ၇၀၀၀စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်ချက်နှင့် ဧက၅၀၀၀ကျော် စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ဆီကြိတ်စက်ရုံ တည်ဆောက်ရန် လျာထားသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပိုကောင်းကုမ္ပဏီ၏ ဆီအုန်းစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

မဟဲစခန်း

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် မဟဲစခန်းရှိ တောင်ဒဂုံ ဆီအုန်းကုမ္ပဏီသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ စတင်စမ်းသပ်လည်ပတ်လျက်ရှိသည့် ကုမ္ပဏီ၏ တစ်နာရီခုနစ်တန်ခွဲကျ ဆီကြိတ်စက်ရုံ၏ ဆီကြိတ်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ တောင်ဒဂုံ ဆီအုန်းကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးက ဘုတ်ပြင်းမြို့နယ်၌ ဆီအုန်းဧက ၄၅၀၀ကျော် စိုက်ပျိုးပြီးစီးမှု၊ ဆီကြိတ်စက်ရုံတည်ဆောက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်စိုက်ပျိုးသွားမည့် ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဝန်ကြီးများက တည်ဆောက်ထားသည့် ဆီကြိတ်စက်ရုံနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးမေးမြန်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ အရင်းကြေကာလ၊ စီးပွားရေး တွက်သားကိုက်နိုင်သည့် အလားအလာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးရာ ဦးအောင်ထွေးနှင့် ဆီအုန်းလုပ်ငန်းရှင်များက ပြန်လည်တင်ပြ ရှင်းလင်းကြသည်။

မြိတ်မြို့သို့

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့နယ် မဟဲစခန်းမှ မြိတ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဆီအုန်းစိုက်ပျိုး ဖြစ်ထွန်းနေမှုများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိကြရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဟုန်ငိုင်၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မတ် ၁၆ရက် နံနက်ပိုင်းတွင် မြိတ်မြို့မှ ကျွန်းစုမြို့နယ် ကတန်ကျွန်းသို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဗိုလ်ချုပ်ကြီး သူရရွှေမန်းအား မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနိုင်ငံပိုင် ညောင်ပင်ကွင်းရော်ဘာနှင့် ဆီအုန်းခြံတွင် ခြံမန်နေဂျာက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဗိုလ်ချုပ်ကြီး သူရရွှေမန်း ခမောက်ကြီးရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်း ရှင်းလင်းဆောင်တွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နိုင်ငံပိုင် ကတန်ရော်ဘာခြံခန်းမ၌ မြို့နယ်မန်နေဂျာ ဦးချစ်ရှိန်နှင့် ခြံမန်နေဂျာ ဦးမြင့်ဆွေတို့က ကတန်ရော်ဘာခြံနှင့်စပ်လျဉ်း၍ အပင်များ၏ သက်တမ်း၊ ရော်ဘာထွက်ရှိမှုနှင့်ခြံလုပ်သားအင်အားတို့ကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရော်ဘာပင်များမှ အစေးခြစ်၍ ရော်ဘာစေး ထုတ်ယူမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တနင်္သာရီမြို့နယ်ရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နိုင်ငံပိုင် ညောင်ပင်ကွင်းရော်ဘာနှင့် ဆီအုန်းခြံသို့ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ခြံမန်နေဂျာက ညောင်ပင်ကွင်း ဆီအုန်းခြံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆီအုန်းလုပ်ငန်းရှင်များက ညောင်ပင်ကွင်းဒေသ၌ ဆီအုန်းစိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ကမ္ဘောဇလီမိတက်

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီ ၄၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် တနင်္သာရီမြို့နယ်၌ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကမ္ဘောဇစိုက်ပျိုးရေးစက်မှု လုပ်ငန်းများ လီမိတက် (Kanbawza Agro Industries Limited) ၏ လုပ်ငန်းခွင်သို့ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ကမ္ဘောဇ စိုက်ပျိုးရေး စက်မှုလုပ်ငန်းများလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြပြီး စီမံကိန်းဒါရိုက်တာ ဦးသန်းဖေက ၁၉၉၉ ခုနှစ်မှစတင်၍ ဆီအုန်းစိုက်ပျိုးခဲ့မှုနှင့်ယနေ့အထိ စိုက်ပျိုးပြီး ဧကများ၊ ဆီကြိတ်စက်ရုံ တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ဆီအုန်းစိုက်ပျိုးရာတွင် သတိပြုဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင်လက်မှတ်ရေးထိုးကာ ကမ္ဘောဇလီမိတက် ဆီအုန်းစိုက်ခင်းမှထွက်ရှိသည့် ဆီသီးခိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကမ္ဘောဇ လီမိတက်၏ ဆီအုန်းစိုက်ခင်းကို ကြည့်ရှုကြသည်။

ဧက ၅၀၀၀ကျော်

ကမ္ဘောဇစိုက်ပျိုးရေးစက်မှုလုပ်ငန်းများ လီမိတက်သည် ဆီအုန်းဧက နှစ်သောင်းအထိ တိုးချဲ့စိုက်ပျိုးရန် လျာထားပြီး ယခုအခါ ဆီအုန်းဧက ၅၀၀၀ကျော် စိုက်ပျိုးပြီးဖြစ်သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဘုတ်ပြင်းမြို့နယ် မဟဲစခန်းရှိ တောင်ဒဂုံဆီအုန်း ကုမ္ပဏီ၏ တစ်နာရီ ခုနစ်တန်ခွဲကျ ဆီကြိတ်စက်ရုံ ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❀ စာမျက်နှာ ၁၁မှ

ထို့ပြင် ကုမ္ပဏီအနေဖြင့် တစ်နာရီ သုံးတန်ကျ ဆီကြိမ်းစက်ရုံကိုလည်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့နယ်ရှိ (Asia World Integrated Farm's Limited)၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ဧက ၃၃၀၀

ရှေ့ဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က မိမိတို့ကုမ္ပဏီအနေဖြင့် မြိတ်မြို့နယ် မြိတ်-တနင်္သာရီ ကားလမ်းမဘေး ခုံမော်ကျေးရွာ၊ တုံးဗျောကြီးကျေးရွာ ပတ်ဝန်းကျင်တို့၌ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဧက ၁၀၁၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုအခါ ဧက ၃၃၀၀ စိုက်ပျိုးပြီး ဖြစ်ပါကြောင်း၊ စိုက်ပျိုးရန် လျာထားသည့် ဧကများပြည့်မီအောင် နှစ်အလိုက် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းမန်နေဂျာ ဦးဝဏ္ဏက ဆီအုန်းစိုက်ပျိုးခြင်းတွင် နှောင့်ယှက်ဖျက်ဆီးသည့် ဖြူနှင့်ကြွက် တိရစ္ဆာန်တို့၏ အန္တရာယ်မှ ကာကွယ်နိုင်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်နိုင်မြင့်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က တနင်္သာရီမြို့နယ်အတွင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဧက ၂၃၀၀ကျော် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆွေးနွေးမှာကြားရာတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ကော့သောင်း၊ ဘုတ်ပြင်း၊ တနင်္သာရီနှင့် မြိတ်မြို့နယ်အတွင်းရှိ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများသို့ ရောက်ရှိလေ့လာခဲ့ကြပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ဆီအိုးကြီး

တနင်္သာရီတိုင်း၏ ရေမြေရာသီဥတု အထူးသဖြင့် မြိတ်-ကော့သောင်း အကြားသည် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရာသီရေမြေဖြစ်ကြောင်း၊ ထို့ကြောင့် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း။

ဆီအုန်းစိုက်ပျိုးရာတွင် ရင်းနှီးမြှုပ်နှံရသည့် ဘဏ္ဍာငွေကြေး၊ တွေ့ကြုံရသည့် အခက်အခဲ၊ ရေရှည်ရရှိနိုင်မည့် အကျိုးအမြတ်များကိုလည်း သိရှိခွင့်ရခဲ့ကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဆီအုန်းစိုက်ပျိုးရန် စိတ်ဝင်စားသည့်

ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မြိတ်မြို့ရှိ အေးရှားဝေါလ် အင်တီဂရိတ်တက်ဖမ်း(စ်)လီမိတက် ရှင်းလင်းဆောင်၌ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ စိတ်အားထက်သန်မှု၊ ဆောင်ရွက်နိုင်မှုများအပေါ် မူတည်၍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သွားနိုင်ကြောင်း။

စိုက်ပျိုးမြေရှိရေး

နိုင်ငံတော်အနေဖြင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် လိုအပ်မည့် စိုက်ပျိုးမြေရရှိရေးနှင့် အခြားလိုအပ်သည့် ကိစ္စရပ်များကို အတတ်နိုင်ဆုံး ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒေင်အုပ်စု မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်၊ ထူးထရိတ်ဒင်းကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇ၊ Myanmar Avia Export ဒါရိုက်တာ ဦးလုလု၊ Maung Weik & Family Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမောင်ဝိတ်၊ ရွှေသံလွင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ရွှေမြေရတနာကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးလှမောင်ရွှေ၊ ငွေဆင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးမြင့်၊ ရွှေဆီအုန်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာကိုကိုထွေး၊ ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးလှသန်း၊ ထူးထူးတိုးကုမ္ပဏီလီမိတက် ဒါရိုက်တာဦးဝင်းဗိုလ်တို့က နိုင်ငံတော်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ကုမ္ပဏီအလိုက် တာဝန်ယူစိုက်ပျိုး လုပ်ကိုင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကွင်းဆင်းလေ့လာ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အသင်းဖွဲ့စည်းရေး

ဆက်လက်၍ မြန်နိုင်မြင့် ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်က ဆီအုန်းလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းဆောင်ရွက်ခွင့်ရရှိရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး အေးရှားဝေါလ်ကုမ္ပဏီ၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တီပီအိပ်ချ် လက်ထောက်အထွေထွေမန်နေဂျာ တွေ့ဆုံ

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား t p h, The Printers House(P) Ltd မှ Assistant General Manager, International Business ဖြစ်သူ Mr. Yogesh M. Kharbanda သည် ယနေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ယင်းသို့ တွေ့ဆုံရာသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

Myanmar CP Co., Ltd.

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်

Myanmar CP, Inter Club
Tennis Tournament

၂၇.၃.၂၀၀၄မှ ၂.၄.၂၀၀၄ထိ

သိမ်ဖြူတင်းနစ်ကွင်း

ဇီဝိတဒါန သံဃာ့ဆေးရုံ နှစ်ပတ်လည် စည်းဝေး

ရန်ကုန် မတ် ၁၈

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ၂၀၀၃ခုနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၈ရက် နံနက်ပိုင်းက ဆေးရုံကြီးတည်ရှိရာ အမှတ်(၃၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်၌ ကျင်းပရာ သဘာပတိအဖြစ် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးက ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အတွင်းရေးမှူး ဦးမောင်မောင်က နှစ်ပတ်လည်အစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင် စာရင်းစစ် ဦးသန်းအောင်က ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း တင်ပြကြရာ အစည်းအဝေးက သဘောတူ အတည်ပြုကြသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန် ဂီတသံ
- **၄:၁၅** ၄။ နားဝင်ငြိမ့်စီး သီချင်းကြီး
- **၄:၂၀** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၀** ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Total Debtors Account and Total Creditors (စီးပွားရေးပညာ)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မောင့်ရွှေနှဖာစူး မယ့်ရွှေနှဖူးစာ" (အပိုင်း-၁၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၂၃)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။



ချီးမြှင့်

ရွှေပြည်သာမြို့နယ် အမက (၁၇) ၂၀၀၃-၂၀၀၄ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားကို ကျောင်းခန်းမ၌ မတ် ၁၄ ရက်က ကျင်းပရာ စတုတ္ထတန်းကျောင်းသူ မဆွေဇင်အိအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာ လက်မှတ်ချီးမြှင့်စဉ်။ (က-ပ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

၂၀၀၄ခုနှစ် (၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ISUZU
26TH INTER STATE & DIVISION GOLF TEAM CHAMPIONSHIP
Yangon Golf Club
16 - 19 March, 2004

ရန်ကုန် မတ် ၁၈

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ Isuzu Motors., Ltd. Japanက အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် (၂၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းကစားအပြီးတွင် အသင်းလိုက်အကျော့မဲ့ (In Team Scratch)ပြိုင်ပွဲ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၂၃၁+၂၂၅ Total Gross ၄၅၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရန်ကုန်တိုင်းက ၂၂၉+၂၃၂ Total Gross၄၆၁ချက်ဖြင့် ဒုတိယလိုက်ပြီး စစ်ကိုင်းတိုင်းက ၂၃၄+၂၃၅ Total Gross ၄၆၉ချက်ဖြင့် တတိယလိုက်နေသည်။

တစ်ဦးချင်းအကျော့မဲ့ (In Individual Scratch)ပြိုင်ပွဲ၌ နိုင်နိုင်လင်း(ရန်ကုန်တိုင်း)က ၇၄+၇၄ Total Gross ၁၄၈ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဗိုလ်မှူးခင်ဇော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၇၄+၇၅ Total Gross ၁၄၉ချက်ဖြင့် ဒုတိယလိုက်နေပြီး အောင်ဝင်း(စစ်ကိုင်းတိုင်း)က ၇၃+၇၇ Total Gross၁၅၀ချက်ဖြင့် တတိယလိုက်နေသည်။

အသင်းလိုက်အကျော့ပေး (In Team Handicap)ပြိုင်ပွဲ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)က၂၀၁+၂၀၅ Total Nett ၄၀၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ကချင်ပြည်နယ်က ၂၀၇+၂၀၃ Total Nett ၄၁၀ချက်ဖြင့် ဒုတိယလိုက်နေပြီး မွန်ပြည်နယ်က ၂၀၅+၂၀၆ Total Nett ၄၁၁ချက်ဖြင့် တတိယလိုက်နေသည်။

ဦးဆောင်ကစား

တစ်ဦးချင်းအကျော့ပေး (In Individual Handicap)ပြိုင်ပွဲ၌ Eike Htaung ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၆၆+၆၇ Total Nett ၁၃၃ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဗိုလ်မှူးခင်ဇော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က ၆၂+၇၁ Total Nett ၁၃၃ချက်ဖြင့် ဒုတိယလိုက်နေပြီး ကျော်သက်ဝေ ရှမ်းပြည်နယ်(မြောက်ပိုင်း)က ၇၂+၆၃ Total Nett၁၃၅ချက်ဖြင့် တတိယလိုက်နေသည်။ (သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

နိုင်ငံတကာပြိုင်ပွဲများတွင် အနိုင်ရရှိခဲ့ကြသော မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၈ရက်က စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ကျင်းပရာ ၂၀၀၃ခုနှစ် (၇)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက် ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုဆွတ်ခူးရရှိခဲ့သည့် ဆွေဆွေသန့်အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ကြေးမုံ)

ရုပ်ရှင်သရုပ်ဆောင်များ ခရစ်ကက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီနှင့် ရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းကျင်းပမည့် ရုပ်ရှင်သရုပ်ဆောင်များ၏ ခရစ်ကက်ပြိုင်ပွဲကို မတ် ၂၁ရက် နံနက် ၈နာရီမှ စတင်၍ သုဝဏ္ဏကွင်း အမှတ်(၄)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အဖွဲ့ချုပ်ဖြစ်မြောက်ရေး ကော်မတီ၏ အထူးအစည်းအဝေးကို ယမန်နေ့က ပန်းဆိုးတန်းလမ်းရှိ Panora Ma Hotelတွင် ကျင်းပရာ စည်းမျဉ်းစည်းကမ်းများကို ဒုဥက္ကဋ္ဌ(၁) ဦးကျော်နိုင်က တင်သွင်းပြီး ဥက္ကဋ္ဌ အကယ်ဒမီဦးညွန့်ဝင်းနှင့် အမှုဆောင်များက သုံးသပ်ကာ အတည်ပြုကြသည်။ အဆိုပါ အစည်းအဝေးသို့ နာယကအဖွဲ့ဝင် ဦးမောင်မောင်(ရွှေကမ္ဘာ)၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ရဲမြင့်၊ ရုပ်ရှင်အစည်းအရုံးမှ ဦးသန်းဝင်း၊ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်နှင့် အမှုဆောင်များ တက်ရောက်ကြသည်။ (ကြေးမုံ)

'ပေါ့ပေါ့ပါးပါးပြုံး' ဟာသဇာတ်ကားသစ်ရုံတင်

ရန်ကုန် မတ် ၁၈

ယခုသောကြာပတ်တွင် ဒါရိုက်တာကိုအောင်မင်းသိမ်းရိုက်ကူး၍ ကျော်ရဲအောင်၊ ဇာဂနာ၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **ပေါ့ပေါ့ပါးပါးပြုံး** ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ရုံတင်ပြသသည်။

မဲ့ပြုံး၊ လှောင်ပြုံး၊ မထိတထိအပြုံးစသော အပြုံးမျိုးစုံကို ခွဲခြားသရုပ်ဖော်ထားသော ဟာသဇာတ်ကားဖြစ်သည်။

ပေးဆပ်သူတို့ နှလုံးသား

ယခုအပတ်တွင် ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူး၍ ရန်အောင်၊ ကျော်ရဲအောင်၊ မျိုးသန္တာထွန်းတို့ ပါဝင်သရုပ်ဆောင်သည့် **ပေးဆပ်သူတို့ နှလုံးသား** ရာဇဝင်ဇာတ်ကား နေပြည်တော်၊ ရှေ့ဆောင်နှင့် နဝဒေးရုံများတွင် ဆက်လက်ပြသနေသည်။

ဆက်လက်၍ ဘုရင်ရုံတွင် Ajn Abee အမည်ရှိ အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ဘော်ဘီဒေါ၊ ကယ်ရစ်ရှနာကပူး၊ အရှစ်ကူးမား၊ဘီပါရှာဘာဘူတို့ သရုပ်ဆောင်သည့် လျှို့ဝှက်သည်းဖိုစုံထောက်ဇာတ်ကားဖြစ်သည်။

မောင်မြဖေ

ရွှေဂုန်ရုံတွင် ညွန့်ဝင်း၊ ကျော်သူ၊ လွင်မိုး၊ မေသန်းနု၊ ခင်စိုးပိုင်တို့ ပါဝင်သည့် **မောင်မင်းကြီးသား မောင်မြဖေ** ဒီဗီဒီဇာတ်ကားပြသနေသည်။

အချစ်အက်ရှင်

ယခုသောကြာပတ်တွင် မြို့မရုံ၌ Awara Paagal Deewna အမည်ရှိ အိန္ဒိယ အချစ်အက်ရှင် ဇာတ်ကား ရုံတင်ပြသနေသည်။ ဆွန်နီ ရုက်သီး၊ အရှစ်ကူးမား၊ ပက်တီဂျန် ဟာနီစသော သရုပ်ဆောင်များ၏ လှုပ်ရှားမှုများဖြင့် တင်ဆက်ထားသည်။

ရတနာပုံရုံတွင် Aa Ke Baras အမည်ရှိ အိန္ဒိယအက်ရှင်ဇာတ်ကား ရုံတင်ပြသနေပြီး သဃ်န်းကျွန်း ဇေယျဝတီရုံတွင် နိုင်းနိုင်းနှင့် အိန္ဒြာကျော်ဇင်တို့သရုပ်ဆောင်သည့် **ဝိညာဉ်ပစ်တဲ့မြား** ဒီဗီဒီ ဇာတ်ကားပြသနေသည်။

(ကြေးမုံ)

ပေးဆပ်သူတို့ နှလုံးသား

ရုံတင်ပြသလျက်ရှိသည့် "ပေးဆပ်သူတို့ နှလုံးသား"ဇာတ်ကားမှ ရန်အောင်နှင့် မျိုးသန္တာထွန်း။

"ပေါ့ပေါ့ပါးပါးပြုံး" ဇာတ်ကားမှ ကျော်ရဲအောင်နှင့် နန္ဒာလှိုင်။

မြို့မရုံတွင် ယခုအပတ် ရုံတင်ပြသသည့် အိန္ဒိယ အချစ်အက်ရှင် ဇာတ်ကားမှ သရုပ်ဆောင်များ၏ လှုပ်ရှားမှု ပြကွက်တစ်ခု။

မောင်ရာဇာနေဝင်း (ကလုံး) ဒီဗီဒီဇာတ်ကားသစ် ရုံတင်မည်

ရန်ကုန် မတ် ၁၈

လာမည့်သောကြာပတ်တွင် ဇာတ်ညွှန်းနှင့် ဒါရိုက်တာမင်းထင်ကိုကိုကြီး၏ **မောင်ရာဇာနေဝင်း (ကလုံး)** ဒီဗီဒီ ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်ပြီး ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်တို့ သရုပ်ဆောင်ကြသည်။

ဖန်တီးထား

ယင်းဇာတ်ကားတွင် ရာဇာနေဝင်း ကိုယ်ခွဲများကို ကွန်ပျူတာပြုလုပ်ချက်များဖြင့် ဖန်တီးထားသည်ဟု သိရသည်။ (ကြေးမုံ)

ယနေ့ထုတ် ခေါင်ရေ ၁၉၆၂၇၈

ကားရောင်းမည်

- Tico SE Model 94 — ၁ ခ/------- ခတ်ဆီ
- Town Ace Model 88 (Power Aircon) — ၅ က/------ ခတ်ဆီ
- Hilux Model 78 — ဏ/-------- ခတ်ဆီ

ဆက်သွယ်ရန် – ဖုန်း–၂၅၁၉၆၀၊ ၂၅၁၉၆၂။

ဖုန်းနံပါတ်ပြောင်းလဲခြင်း

Wai Wai Wedding Studio ၏ ဖုန်းနံပါတ် အား 256664 သို့လည်းကောင်း၊ Wai Wai Music Group ၏ ဖုန်းနံပါတ် အား 256715 သို့လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

Wai Wai Music Group & Studio

Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ

၁၀–တန်း၊ ၁၀–တန်းအောင်၊ ဘွဲ့ကြို၊ ဘွဲ့ရများအတွက် အင်္ဂလိပ်စကားပြော သင်တန်း

Basic Spoken English	MAR-15,20,22,29
Pre-IntermeDiate English	MAR-15,20,22,29
Academic Writing Course	MAR-27
Vocabulary Enrichment Course	MAR-22

TOEFL, IELTS, SAT(I), SAT(II), GFC, I.E

No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP, စုံစမ်းရန်ဖုန်း - 245821

B.A(Eng) ဦးစီးသော

SUPER A ONE အင်္ဂလိပ်စကားပြော

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Earth Industrial (Myanmar) Co., Ltd

1.	Assistant Manager (Maintenance)	B.E(EP/EC)	(1)ဦး–M
2.	Assistant Manager (Quality Control)	B.E(EC)	(1)ဦး-M
3.	Admin Manager	Any Graduate	(1)ဦး-M/F
4.	EDP Engineer	MCSC	(1)ဦး-M/F
5.	Dupty Officer	Any Graduate	(1)ဦး-M
6.	Junior CIVIL Engineer	AGTI(CIVIL)	(1)ဦး-M
7.	Junior Clerk Computer(Excel,word)	Any Graduate	(2)ဦး-M/F
8.	Supervisor (Production)	AGTI(EP/EC)	(2)ဦး-M
9.	Security	9th Standard Passed	(1)ဦး-M
10.	Carpenter	9th Standard	(1)ဦး-M
11.	Cleaner	ရေးတတ်/ဖတ်တတ်	(1)M,(2)F
12.	Operator	8th Standard	(100)-F

အမှတ်စဉ်(၁၊၂၊၃၊၄၊၈)လျှောက်ထားသူများသည် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ အင်္ဂလိပ်စကား ကျွမ်းကျင်စွာ ရေးတတ်/ပြောတတ်ရမည်။ အမှတ်စဉ်(၅၊၈၊၉၊၁၁၊၁၂)နေ့/ည တာဝန်ထမ်းဆောင်နိုင်ရမည်။ အမှတ်စဉ်(၃) အသက်(၄၀)နှစ်ရှိရမည်။ အမှတ်စဉ်(၄) Microsoft Access နှင့် Database ကျွမ်းကျင်ရမည်။ အမှတ်စဉ်(၆) Estimate တွက်တတ်သူ ဖြစ်ရမည်။ လျှောက်ထားသူများသည် ကိုယ်တိုင်ရေး လျှောက်လွှာနှင့်အတူ ကိုယ်ရေးမှတ်တမ်း(CV)၊ ပညာအရည်အချင်း အထောက်အထား၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံသုံးပုံနှင့်အတူ ပူးတွဲ၍ အောက်ပါလိပ်စာသို့ ကြော်ငြာသည့်နေ့မှ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခံရသူများကို Interview ဖြေဆိုရန် အကြောင်းကြားပါမည်။

Earth Industrial (Myanmar) Co.,Ltd

အမှတ်(၆၉/၇၁)ဆူးလေဘုရားလမ်း၊ ကျောက်တံတား။

အမှတ်(၄၇၅)၊ ယောက်ကော်လမ်းနှင့် မိုးကုတ်လမ်းထောင့်၊ တောင်ဒဂုံ၊ စက်မှုဇုန်(၁)။

ဖုန်း–၅၉၀၉၃၂၊ ၅၉၁၁၁၀

မဇ္ဈိမဂုဏ်ရည် သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၈

သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီးတွင် ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန် အလုပ်ပေး တရားစခန်းပွဲကို ဧပြီ ၉ရက်မှ ၁၇ရက်အထိ မဇ္ဈိမဂုဏ်ရည်ဆရာတော် သာသနတက္ကသီလ ဓမ္မာစရိယ ဒေါက်တာ အရှင်ကောဝိဒနှင့် မဟာစည်နာယကဆရာတော်ကြီးများက ဟောကြားပြသ ဓမ္မဒါနပြုမည်ဖြစ်ရာ တရားစခန်းဝင်လိုသည့် ယောဂီများသည် ဧပြီ ၇ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပြီး ရိပ်သာဖုန်း–၅၄၇၁၃၂သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

အလှူငွေပေးအပ်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၁၉–၃–၂၀၀၄ရက် (သောကြာနေ့)
အချိန် – (၁၄:၀၀) နာရီ
နေရာ – စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ
ဖုန်း–၀၃၁–၂၅၁၇၈/၀၉၈၀–၃၂၉၆၈။

မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း မင်းလှဓမ္မရိပ်သာကျောင်းတွင် သင်္ကြန် ၁၀ရက် တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် မင်းလှဓမ္မရိပ်သာကျောင်း ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော်က မဟာသတိပဋ္ဌာန် အလုပ်ပေးတရားများကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်း ဝတ်လိုသူများသည် မတ် ၃၁ရက် နောက်ဆုံးထား၍ ရိပ်သာ ဖုန်း–၅၄၀၂၈၉ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

သက်တန်းအလိုက် ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၈

၂၀၀၄ခုနှစ် သက်တန်းအလိုက် အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲကို မတ် ၂၈ရက်နှင့် ၂၉ရက် မွန်းလွဲ ၂နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ရေကူးပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးများ သက်တန်းအလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး လူသစ်တန်းပါ ထည့်သွင်းကျင်းပမည် ဖြစ်သည်။ အသေးစိတ်သိလိုပါက ဦးဝိစာရလမ်း အမျိုးသားရေကူးကန်တွင် ဆက်သွယ်စုံစမ်းနိုင်သည်။ (အား/ကာ)

မဟာမုနိရုပ်ရှင်တော် ဦးသျှောင်တော်နှင့် ဆန္ဒတော်ပြည့်စေတီ ထီးတော်တင်မည်

ရွှေတောင် မတ် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် မယားမာန်ကျေးရွာ အုပ်စု ငါးဆူတောင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ကျေးဇူးတော်ရှင် နယ်လှည့်သာသနာပြု မုံ့ရှင်တော်ဆရာတော် ဘဒ္ဒန္တခေမာစာရ ဦးစီး၍ သာသနာပြု တပည့် ဒါယကာ၊ ဒါယိကာမများက မဟာမုနိရုပ်ရှင်တော် (ကိုယ်ပွား) ဦးသျှောင်တော်နှင့် ရှေးဟောင်း သမိုင်းဝင် ပေါ်တော်မူ (ဆန္ဒတော်ပြည့်) စေတီတော်မြတ်ကြီးအား ပြုပြင်မွမ်းမံလျက်ရှိရာ ယခုအခါ ပြီးစီးနေပြီဖြစ်သည်။

မဟာမုနိ ရုပ်ရှင်တော် (ကိုယ်ပွား) ဦးသျှောင်တော်နှင့် ပေါ်တော်မူ (ဆန္ဒတော်ပြည့်) စေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူ ပူဇော်ပွဲကို ၁၃၆၅ ခု တန်ခူးလပြည့်၊ ဧပြီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (၁၄၃)

အထူးတရားစခန်းဖွင့်

မှော်ဘီ မတ် ၁၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၏ သင်္ကြန်ကာလ အထူးတရားစခန်းကို ဧပြီ ၉ ရက်မှ ၁၇ ရက်ထိကိုးရက်ကျင်းပမည်ဖြစ်ရာ တရားအားထုတ်မည့် ယောဂီတို့သည် မည်သူမဆိုကြိုတင်စာရင်းပေးသွင်း၍ တရားအားထုတ်နိုင်ကြကြောင်း သိရသည်။ (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင် မြဝတီမြို့နယ် မဲတော်သလေးရွာအဝင် တံတားနှင့် စံပြကျေးရွာဖွင့်ပွဲကို မတ် ၂ ရက်က ပြုလုပ်ရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းမောင်ထင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးနွဲ့ညောင်းတို့က ရွာအဝင်တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

ကြေးမုံ
The Mirror
မြို့နယ် သတင်းများ

ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ချီးကျူးဂုဏ်ပြု

ပြွန်တန်ဆာ မတ် ၁၅

၁၃၆၅ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်စာအမှတ် (၁/၂၀၀၄)ဖြင့် "ဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်း ဆက်ကပ်ခံရသော ပဲခူးတိုင်း ပြွန်တန်ဆာမြို့ သမိဒ္ဓေါဒယ ဓမ္မဇောတိကာရုံ သီလရှင်စာသင်တိုက်၏ ပဓာနနာယက ဆရာကြီး ဒေါ်ကဥ္စနရံသီအား ပြွန်တန်ဆာမြို့သူ၊ မြို့သား ဒါယကာ၊ ဒါယိကာမများက ဂုဏပူဇာသဘင် ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲကို မတ် ၁၃ ရက် နံနက် ၈ နာရီတွင် သမိဒ္ဓေါဒယဓမ္မ ဇောတိကာရုံ စာသင်တိုက် ဓမ္မာရုံကြီးတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ် ရွှေကျင်နိကာယ သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တပညာဝံသ ဆရာတော်ထံ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆွမ်းအနုမောဒနာနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို စေတနာရှင် ဒါယကာ၊ ဒါယိကာမများက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဖတ်ကြား

ထို့နောက် ရန်ကုန်မြို့ ရွှေမြိုင်သီရိ စာသင်တိုက်မှ ဆရာကြီး ဒေါ်အိန္ဒစာရီက ထုတိမင်္ဂလာ အာယစနဂါထာ ရွတ်ဆိုပြီး ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုကာ ဆရာကြီး ဒေါ်ကဥ္စနရံသီ၏ အတ္ထုပ္ပတ္တိကိုဝါးခယ်မမြို့ မြပုဏ္ဏမာ သီလရှင်စာသင်တိုက်မှ ဆရာကြီး ဒေါ်ပရမသိင်္ဂီက ဖတ်ကြားသည်။ (၂၀၄)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု နောင်ပတ္တရာ ကျေးလက် ဂဝံလမ်းသစ်ဖွင့်

ဝေါ မတ် ၁၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုမှ ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ပူးပေါင်းဆောင်ရွက်ခဲ့သော နောင်ပတ္တရာ ကျေးလက်ဂဝံလမ်းဖွင့်ပွဲကို မတ် ၁၄ ရက်က မုခ်ဦးတွင် ကျင်းပသည်။

—— ရှင်းလင်းတင်ပြ ——

ရှေးဦးစွာ ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေက လမ်းနှင့်ပတ်သက်သော အချက်အလက်များ ရှင်းလင်းတင်ပြသည်။ ထို့နောက် လမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်မြင့်နှင့် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဂဝံလမ်းအတွက် စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၂၁၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

သင်္ကြန်တရားစခန်းဖွင့်မည်

သန်လျင် မတ် ၁၅

သန်လျင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ (ဖားအောက်တောရ ရိပ်သာခွဲ)တွင် ဧပြီ ၁၀ ရက်မှ ၁၈ ရက်ထိ သင်္ကြန်အထူးတရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ ဗုဒ္ဓနည်းကျ တရားရှုနည်းကို ညွှန်ပြမည့်အပြင်ရိပ်သာခွဲဥက္ကဋ္ဌ ဒေါက်တာမင်းတင်မွန် (မဟာသဒ္ဓမ္မဇောတိကဓဇ)က အဘိဓမ္မာတရားနှင့် တရားရှုနည်း ဟောပြောမည်ဖြစ်သည်။ ယောဂီများ ဧပြီ ၉ ရက်အရောက် ဝင်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

မိတ္ထီလာမြို့ အစိုးရကွန်ပျူတာကောလိပ်သွားလမ်းအား ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်စုဆောင်းရောက်ရှိမှု အခြေအနေကို အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့ ဖေဖော်ဝါရီ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ကြစဉ်။ (၁၁၁)

ဇလွန်၌ ကျေးလက် ကျောက်ချောလမ်းပြီးစီး

ဇလွန် မတ် ၁၆

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် တာဝန်ယူဖောက်လုပ်ခဲ့သောရွှေကျောင်းကျေးလက်လမ်း ကျောက်ချောလမ်း အရှည် တစ်မိုင် ၅ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၀ ပေအား အောင်မြင်စွာ ဖောက်လုပ်ပြီးစီးပြီဖြစ်၍ ကျေးလက်နေပြည်သူများ အသုံးပြုသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ (က–ပ)

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဆင်း

မိုင်းဖြတ် မတ် ၂

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်နယ် တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုသင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဆင်းပွဲကို မတ် ၂ ရက် နံနက် ၉ နာရီက မိုင်းဖြတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးစောမြတ်ဘုန်းကြွယ်က သင်တန်းဆိုင်ရာများ တင်ပြသည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ညွန့်မှ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ သင်တန်းသူ ဒေါ်ဂိုဇာက သင်တန်းသား၊ သင်တန်းသူကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊သင်တန်းသူ ၉၉ ဦး တက်ရောက်ခဲ့ကြသည်။ (၄၇၄)

လှိုင်သာယာမြို့နယ် အမှတ်(၃၇) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တစ်ကျောင်းလုံးတွင် ငါးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းမှ မောင်မျိုးလွင်အား အတန်းပိုင်ဆရာမ ဒေါ်တီတီလေးက ဆုချီးမြှင့်စဉ်။ (က–ပ)

ကလေးမြို့နယ်တွင် နှမ်းစပါးစိုက်ပျိုး —— ဧက ၅၀၀ကျော် ထွန်ယက်စိုက်ပျိုးပြီးစီး

ကလေး မတ် ၁၀

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ်၌ ၂၀၀၃–၂၀၀၄ ခုနှစ် နွေစပါးစိုက်ပျိုးရန် ကလေးခရိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းတို့ကလည်းကောင်း၊ နွေစပါးစိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီကလည်းကောင်း၊ ကလေးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၈ အုပ်စုမှ တောင်သူလယ်သမားကြီးများအား တာဝန်ရှိပုဂ္ဂိုလ်များက တစ်ရွာဝင်တစ်ရွာထွက် ကွင်းဆင်းစည်းရုံးလျက်ရှိသည်။ ထိုသို့ ခရိုင်နှင့် မြို့နယ်အတွင်း မိုးစပါးပြီး နွေစပါးစိုက်ပျိုးမှု စိုက်ဧက ၆၀၀၀ ကျော်ခန့် ပြည့်မီအောင် ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် ရင်းရင်းနှီးနှီး တွေ့ဆုံစည်းရုံး ဆောင်ရွက်ခဲ့ရာတွင် ယနေ့အထိ နွေစပါးစိုက်ဧက ၅၀၀၀ ကျော်ခန့် ရာခိုင်နှုန်းအားဖြင့် ၈၅ ရာခိုင်နှုန်းအထိ ထွန်ယက်စိုက်ပျိုးပြီးစီးခဲ့သည်ဟု သိရသည်။

ကလေးမြို့နယ် မြောက်ဘက်ခြမ်းဒေသ စခမ်းကြီး၊ နန့်စောင်းပု၊ ကံသာ၊ ကြက်ဖနက်၊ ရာဇဂြိုဟ်၊ နန်းကျင်းဆောင်၊ ပျဉ်းခုံကြီး၊ လက်ပန်ချောင်း၊ ပျဉ်တောဦး စသည်တို့ဖြစ်ကြပြီး ကလေးမြို့နယ် တောင်ဘက်ခြမ်းဒေသ ကန်ပုလဲရွာ၊ သာစည်၊ ရေလဲဦး၊ ပေါက်စုံကျေးရွာ အုပ်စုတို့ဖြစ်ကြသည်။ အဆိုပါ နွေစပါးစိုက်ခင်းများမှာ ရှင်သန်ဖြစ်ထွန်းလျက်ရှိပြီး အောင်မြင်နေသည်ဟု သိရသည်။ (၄၅၇)

စိန်ဂေဟာ မဟာသင်္ကြန်

Premiere Lucky Draw Programme (5)

ပြီးခဲ့သော Program များထက် အခွင့်အလမ်းပိုမိုများပြားသော အထူးအစီအစဉ်

ဆုမဲတန်ဖိုးပေါင်း - ကျပ်သိန်း (၃၀) ဆုမဲကာလ ၁၆-၃-၂၀၀၄ မှ ၁၂-၄-၂၀၀၄ (မဟာသင်္ကြန်အကြိုနေ့အထိ)

ယခင်ကံထူးရှင်ကြီးများနှင့်တကွ မိတ်ဟောင်းမိတ်သစ်အပေါင်း အားပါးတရလာရောက်ကံစမ်းကြပါရန် လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

(၁၃-၄-၂၀၀၄ မှ ၁၆-၄-၂၀၀၄)အထိ ဆိုင်ပိတ်မည်ဖြစ်ပြီး ၁၇-၄-၂၀၀၄ (နှစ်ဆန်းတစ်ရက်နေ့)တွင် ဆိုင်ဖွင့်ပါမည်။

၁၈-၄-၂၀၀၄နေ့တွင် မဟာကံထူးရှင်များ စာရင်းကို ကြေညာပေးပါမည်။

စိန်ဂေဟာမိတ်ဟောင်းမိတ်သစ်အပေါင်း နှစ်သစ်မင်္ဂလာအခါသမယတွင် ရွှင်လန်းချမ်းမြေ့ကြပါစေ။ (စိန်ဂေဟာမတ်နှင့် စိန်ဂေဟာဆိုင်ခွဲများ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

အဖျောက်မြို့နေ
ဦးထွန်းသန်း - ဒေါ်ခင်ဝင်းကြည်(ရတနာစိန်ရွှေဆိုင်နှင့်အထည်ဆိုင်)
တို့၏သားထွေး

မောင်တင်အောင်ဝင်း Final Year (Maths) (C.N°-°C) (Hauoon Co., Ltd.) SOUTH KOREA

နှင့်

သန်လျင်မြို့နေ
ဦးစိန်လှိုင်(ဒုအရာခံဗိုလ်၊ ငြိမ်း) - ဒေါ်ကျင်စိန်(ထိပ်တန်းဆန်စက်)
တို့၏သမီးထွေး

မစမ်းသီတာလှိုင် B.Com(Q) C.P.A Part-1 (KYAW & KYAW AUDIT FIRM)

တို့၏ ၁၇-၂-၂၀၀၄ရက်တွင် သန်လျင်နေအိမ်၌ ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် ကူညီဆောင်ရွက်ပေးခဲ့သော အဖျောက်၊ သန်လျင်၊ ရန်ကုန်မြို့မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၈-၃-၂၀၀၄ရက်တွင် မဟာသန္တိသုခကျောင်းတော်ကြီး ဧရာခန်းမ၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော ဦးသိန်းထွန်းနှင့် ဇနီး ဒေါ်လှမြင့်(စိန်ရွှေရတနာကုန်သည်၊ ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ တေးသံရှင်နှင်းရီသန့်နှင့်အဖွဲ့၊ သတို့သမီးဝတ်စုံကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ပန်းအလှပြင် နီနီ(ပွိုင့်)၊မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ ဗီဒီယိုမောင်မောင်ညွှပ်၊ မင်္ဂလာအလှဓာတ်ပုံဘဲလေး(Studio)၊ ပိုင်ဗီဒီယိုဓာတ်ပုံရိုက်ကူးရေးအဖွဲ့၊ မင်္ဂလာကိစ္စအစမှအဆုံးတိုင်အောင် ကူညီဆောင်ရွက်ပေးခဲ့သော ဦးကျော်မြသန်း(ခ) ဦးကျော်ကြီးနှင့်ဇနီး ဒေါ်မာမာခင်(ကျော်ရတနာရွှေပန်းတိမ်၊ ၃၈လမ်း)၊ ဦးစိန်လှဝင်း (သီရိသုခမ္မ မဏိဇောတခရေ) (M.D Sein & San Co., Ltd.)နှင့်ဇနီး ဒေါ်ဖြူဖြူခင်၊ ဦးခင်မောင်စိုးနှင့် ဇနီးဒေါ်ခင်စိုးတင့်(A.P.D Co.,Ltd.)၊ Korea နိုင်ငံမှ မိတ်ဆွေသူငယ်ချင်းများ၊ မင်္ဂလာ ညစာစားပွဲသို့တက်ရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကြွရောက်ချီးမြှင့် ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်အောင်ဝင်း-မစမ်းသီတာလှိုင်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ လမ်း(၂၀)၊ အမှတ်(၂၇၅)နေ
(ဦးသောင်းတင် - ဒေါ်သန်း)တို့၏သားထွေး၊
ကိုအေးသန်း - မမြမော်(သန်းကြွယ်ဆန်ပွဲရုံ)တို့၏မောင်

ဗိုလ်ကြီး ခိုင်ဦး B.A (History)

နှင့်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ကျိုက်ဖွနဲဘုရားလမ်း၊
ဆီဆုံရပ်၊ အမှတ်(၁၀၀)နေ
ဦးငွေရောင် - ဒေါ်ထွေးကြည်
(ဒေါ်ထွေးကြည် မင်္ဂလာပစ္စည်းအရောင်းဆိုင်)တို့၏သမီး

မနုနုထွေး B.Sc (Maths)

တို့၏ ၁၄-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) ငွေမိုးဟိုတယ်(မော်လမြိုင်မြို့)တွင် ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးစိန်သန်း(ညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန)နှင့်ဇနီး ဒေါ်အေးမြင့်မူ၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသောဒုတိယဗိုလ်မှူးကြီးကျော်မင်း(လက်ထောက်စစ်ဥပဒေချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်)နှင့်ဇနီး ဒေါ်နန်းမြင့်နွယ်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သောဗိုလ်မှူးကြီးဝင်းတည်(ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)နှင့်ဇနီး ဒေါ်နုနု၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်မိဘညီအစ်ကိုမောင်နှမများ၊ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ ငွေမိုးဟိုတယ်မှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးခိုင်ဦး - မနုနုထွေး။

ဝန်ထမ်းအမြန်အလိုရှိသည်။

Myanmar Educare Co.,Ltd. ၊ Yangon International Educare Centre တွင် ခန့်ထားရန် အောက်ပါဝန်ထမ်း အလိုရှိပါသည်။

1. Administrative Officer — 1 Post
   - Male , (B.E (Mechanical / Electrical)
2. Maintenance man — 3 Post
   - Male , under 40 years , Any Graduate

W-22 ...

စိုင်းလင်းရောင်လွှင် (ခ) သားချောလေးအတွက် မွေးနေ့ဆုတောင်း

၁၉-၃-၂၀၀၄ရက်နေ့တွင် ကျရောက်သော **သားချောလေး**ရဲ့ မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် လိုအင်မရှိ၊ ပြီးပြည့်စုံသော ဘဝကို ဆင့်ကဲပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဖေဖေ - ဦးခင်မောင်လွင်လေး
ချစ်မေမေ - ဒေါ်နန်းအိအိချော။

The Hotel @ Ngapali Beach ၏

သင်္ကြန်တွင်း ၁၀-၄-၂၀၀၄ မှ ၁၈-၄-၂၀၀၄

အခန်းခ အထူးနှုန်းထားများမှာ

Economy-Ks 17,000 (တစ်ယောက်နှုန်း)
Standard-Ks 45,000 (နှစ်ယောက်ခန်း)
Superior-Ks 60,000 (နှစ်ယောက်ခန်း)
Deluxe-Ks 80,000 (နှစ်ယောက်ခန်း)

အထက်ပါဈေးနှုန်းများမှာ နံနက်စာနှင့်ညစာ ဘူဖေးအပါအဝင်ဖြစ်သည်။

ဆက်သွယ်ရန်-ဖုန်း-၂၁၁၈၈၈၊ ၂၁၁၉၆၆၊ Ext-၂၀၃၊ ၂၀၄၊ ၁၉၂
လိပ်စာ-Room No-203. Summit Park View Hotel Building.

ဓာတ်ရိုက် ဓာတ်ဆင် လက္ခဏာဗေဒင်

လမင်းသာ ဦးမျိုးအောင် ဗေဒင်လက္ခဏာ

၁ရက်မှ ၂၅ရက်အထိ
အမှတ်-၆၊ လမ်း(၁၄၀)၊ မအူကုန်း၊ ရန်ကုန်၊ ဖုန်း-၂၀၂၄၂၄
၂၆ရက်မှ လကုန်အထိ၊ အမှတ်-၄၁၄၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့။

ကြာပန်းဖြူ
အမျိုးသမီးကိုယ်ကာယအလှသင်တန်း
အမှတ်(၁၁၁)၊ လမ်း(၅၀)
အလယ်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၂၉၂၁၈၅။

09-50-12803, 662565

မြန်မာ့နှစ်သစ်ကို ကြိုဆိုချိန်ခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်း လိုရာဆန္ဒပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း...

နိုင်ငံတကာ အဆင့်မီ ရွှေနန်းတော် စိန်ရွှေရတနာဆိုင် မိသားစု၏

၂၀၀၄ ခုနှစ် နှစ်သစ်ကူး အတာသင်္ကြန်အကြို အထူးအစီအစဉ်

Golden Palace Diamond Card

နေ့စဉ် ဆိုင်ဖွင့်ပါသည်

E-mail: snt@myanmar.com.mm
Website: www.goldenpalacejewellery.com

AMBUR ELECTRONIC

အမှတ် (၁၇၈)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။
☎ ၂၁၁၂၀၈၊ ၂၁၁၂၀၈၊ ၂၄၅၄၀၈၊ ၂၄၅၄၃၇

နွေဦးရာသီဈေးပွဲတော်

(19-3-2004 နေ့မှ 28-3-2004 နေ့ထိ)

- FULLY AUTO အဝတ်လျှော်စက် ကျပ် ၁၄၂၀၀၀/–
- ဗွီစီဒီ ကျပ် ၅၀၀၀၀/–
- ဗွီစီဒီဟိုင်ဖိုင်စက် ကျပ် ၁၅၀၀၀၀/–

နှင့် အခြားအိမ်သုံးလျှပ်စစ်ပစ္စည်း၊ ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာ၊ လေအေးပေးစက်များကို ၂၀% မှ ၅၀% အထိ အထူးလျှော့ဈေးများအပြင် ပစ္စည်းတိုင်းအတွက် အထူးမေတ္တာလက်ဆောင်များကိုလည်း ချီးမြှင့်ပေးနေပါသည်။

E.S.S Co., Ltd.

တောင်ကြီး ... 10/11/12/13.4.04
... 13.4.04

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကိုဂုဏ်ပြုလျက်

မြန်မာအမျိုးသားမွှဲ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏မှုမိုးမှုဖြင့် ဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့ ဦးစီး၍ စန္ဒရားပညာရှင်ကြီးများ စုစည်းတင်ဆက်သည့်

ဂီတနန္ဒဝန် စန္ဒရားပဒေသာပွဲကြီး

အချိန် – ည ၇ နာရီတိတိ
နေ့ရက် – ၂၀၀၄ခုနှစ် မတ်လ ၁၉၊ ၂၀နှင့် ၂၁ရက်
နေရာ – အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ရန်ကုန်မြို့. (ကြိုတင်လက်မှတ်စတင်ရောင်းချနေပါပြီ၊ မေတ္တာလက်မှတ်လုံးဝမပေးပါ။)

ကြိုတင်လက်မှတ်ရောင်းချမည့်နေရာ–နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံနှင့် ချမ်းသာစာပေတိုက်၊ အမှတ်(၁၂၀)၊ ၃၄လမ်း(အလယ်)၊ ရန်ကုန်မြို့။

